ကြေးမုံ The Mirror

၁၃၇၀ ပြည့်နှစ်၊ နယုန်လပြည့်ကျော် ၁၂ ရက်၊ တနင်္လာနေ့၊ (30-6-2008) (၅၇၂၅)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	စီးပွားရေး ဦးတည်ချက် (၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး * အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး * ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး * အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းအတွင်း လေမုန်တိုင်းဒဏ်ကြောင့် ပျက်စီးဆုံးရှုံးသွားသော ငါးဖမ်းလှေများနေရာတွင် အစားထိုး သုံးစွဲရန်အတွက် ရေတပ်ပင်မ စက်မှုလက်မှုတပ်မှ တီထွင်ထုတ်လုပ်ထားသော ဖိုင်ဘာ ငါးဖမ်းလှေများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတွင် သုံးစွဲမည့် ဖိုင်ဘာ ငါးဖမ်းလှေများ တီထွင်ထုတ်လုပ်မှု ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ကြည့်ရှုစစ်ဆေး မှာကြား

ရန်ကုန် ဇွန် ၂၉

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယမန်နေ့ ညနေပိုင်းတွင် ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းအတွင်း လေမုန်တိုင်းဒဏ်ကြောင့် ပျက်စီးဆုံးရှုံးသွားသော ငါးဖမ်းလှေများနေရာတွင် အစားထိုးသုံးစွဲရန်အတွက် တီထွင်ထုတ်လုပ်ထားသော ဖိုင်ဘာငါးဖမ်းလှေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအားလိုအပ်သည်များကို မှာကြားသည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ညနေ ၃ နာရီတွင် ရန်ကုန်မြို့ သန်လျက်စွန်းရှိ ရေတပ်ပင်မ စက်မှုလက်မှုတပ်သို့ ရောက်ရှိရာ ဧရာဝတီရေတပ်စခန်းဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဝင်းရှိန်နှင့် တပ်မတော်အရာရှိကြီးများက ကြိုဆိုကြပြီး ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းအတွင်း လေမုန်တိုင်း ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးသွားသော ငါးဖမ်းလှေများနေရာတွင် အစားထိုးသုံးစွဲရန်အတွက် ရေတပ်ပင်မ စက်မှုလက်မှုတပ်မှ တီထွင်ထုတ်လုပ်ထားသော **စာမျက်နှာ ၉ ကော်လံ ၁ သို့ ***

တပ်မတော်(ရေ)မှ အရာရှိ၊ စစ်သည်များ ဘိုကလေးမြို့နယ်တွင် မုန်တိုင်းဒဏ်ကြောင့် လဲကျနေသော သစ်ပင်များကို ခုတ်ထွင်ဖယ်ရှား ရှင်းလင်းနေစဉ်။ (သတင်းစဉ်)

မော်လမြိုင်ကျွန်းမြို့နယ် လေဘေးသင့်ကျေးရွာများသို့ မျိုးစပါးများ ထပ်မံပေးပို့

ရန်ကုန် ဇွန် ၂၉

မော်လမြိုင်ကျွန်းမြို့နယ် လေဘေးသင့်ကျေးရွာများသို့ ထောက်ပံ့ရေးပစ္စည်းများ စဉ်ဆက်မပြတ် ပို့ဆောင်ပေးလျက်ရှိရာ မျိုးစပါးတင်း ၁၀၀၀ ကို မော်လမြိုင်ကျွန်းမြို့နယ် မြတ်သာကျေးရွာအုပ်စုရှိ ကျေးရွာများသို့ ဖြန့်ဝေရန်အတွက် ဇွန် ၂၈ရက် ညနေပိုင်းတွင် သန်းဝင်းရွှေရေယာဉ်ဖြင့် ထပ်မံပေးပို့လိုက်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ယနေ့ ဆောင်းပါးအညွှန်း

"မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သည် အမျိုးသမီးထုကြီး တစ်ရပ်လုံး၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဘဝလုံခြုံရေးတို့ကို အားကြိုး မာန်တက် စဉ်ဆက်မပြတ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အဖွဲ့အစည်း ကြီးဖြစ်ပါသည်"

အေးဖြူ၏ **"မြန်မာအမျိုးသမီးများ အားလုံးအတွက် မြန်မာ အမျိုးသမီးများနေ့"** (ဆောင်းပါး) စာမျက်နှာ - ၆

အတည်ပြုဖောင် ၁း၄၅

ကြေးမုံ The Mirror
၃၀-၆-၂၀၀၈
(တနင်္လာနေ့)

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အရည်အသွေးကောင်း အထွက်တိုး ဈေးကွက်ဝင် ပဲမျိုးစုံ တိုးချဲ့စိုက်ပျိုး

မြန်မာနိုင်ငံသည် ရေမြေ ရာသီဥတု ကောင်းမွန်သည်။ မိုးစပါး၊ နွေစပါး၊ ဂျုံ၊ ပြောင်း၊ နှမ်း၊ နေကြာ၊ ဂုန်လျှော်၊ ဝါ၊ ပဲအမျိုးမျိုး၊ ကြံစသည့် သီးနှံမျိုးစုံ ဧကသန်း ၃၀ ကျော် စိုက်ပျိုးလျက်ရှိသည်။

ပဲမျိုးစုံသည် ပရိုတိန်း အာဟာရဓာတ် ကြွယ်ဝသည့်အတွက် အခြေခံစားကုန် ဆန်၊ ဂျုံတို့နှင့်အတူ စားသုံးမှုနှင့် ဝယ်လိုအား တိုးတက်နေမည့် သီးနှံမျိုးဖြစ်သည်။ လူသားတို့ ဉာဏ်ရည်ဖွံ့ဖြိုးမှုနှင့် ကြီးထွားမှုအတွက် အာဟာရဓာတ် အပြည့်အဝရရှိနိုင်သဖြင့် ပဲကို လူတိုင်း နေ့စဉ်ပုံမှန်စားသုံးသင့်သည်။ အသားမစားသူများအတွက် ပဲမျိုးစုံကို အခြေခံစားသုံးခြင်းဖြင့် လိုအပ်သော ပရိုတိန်းဓာတ် ရရှိနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ပဲကို အညာဒေသတွင် အထူးစားသုံးကြသော်လည်း ငါးနှင့်ရေထွက်ပစ္စည်းပေါများသော ဒေသများတွင်မူ ပဲစားသုံးမှု နည်းပါးကြောင်းတွေ့ရသည်။ အာဟာရတိုးပွားရရှိနိုင်သည့် ပဲကို စားသောက်ဖွယ်ရာအမျိုးမျိုး စီစဉ်ရောင်းချခြင်း၊ အသင့်စားသုံးကုန်အဖြစ် ထုတ်လုပ်ရောင်းချခြင်းတို့ဖြင့် ပြည်တွင်းစားသုံးမှုဈေးကွက်တွင်ကျယ်လာရေး ကြိုးပမ်းကြရမည်ဖြစ်သည်။

ပြည်တွင်းပြည်ပ ပဲဈေးကွက်ရှိသဖြင့် မတ်ပဲကို ဧရာဝတီတိုင်း၊ ပဲခူးတိုင်း၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် စိုက်ပျိုးကြသည်။ ကုလားပဲကို စစ်ကိုင်းတိုင်း၊ မကွေးတိုင်းနှင့် မန္တလေးတိုင်းတို့တွင် အဓိကစိုက်ပျိုးကြသည်။

ပဲအမျိုးမျိုးအနက် မအူပင်၊ ဓနုဖြူ၊ ဇလွန်၊ ဒိုက်ဦး၊ ပြွန်တန်ဆာ၊ ညောင်လေးပင်ဒေသတို့မှထွက်သည့် မတ်ပဲများ၊ ခရမ်း၊ သုံးခွတို့မှ ထွက်သည့် ပဲတီစိမ်းများသည် ဈေးကွက်တွင် နာမည်ရနေသဖြင့် ပိုမိုစိုက်ပျိုးတင်ပို့နိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်သည်။

ပြည်ပသို့ ပဲမျိုးစုံတင်ပို့ရာတွင် တိုးမြှင့်တင်ပို့နိုင်ရုံသာမက ဈေးကောင်းရရှိရေး ကြိုးပမ်းအားထုတ်ကြရမည်ဖြစ်သည်။ တောင်သူလယ်သမားများအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် အရည်အသွေးကောင်း အထွက်တိုးပဲမျိုးများ အစားထိုးစိုက်ပျိုးရေး၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးသုံးစွဲရမှု နည်းသည့်ပဲမျိုးများ တိုးချဲ့စိုက်ပျိုးရေး အလေးထားကြရမည်ဖြစ်သည်။ ဈေးကွက်တွင် မျက်နှာပန်းလှသည့် အရည်အသွေးမြင့်ပဲမျိုးများ တိုးချဲ့စိုက်ပျိုးခြင်း၊ ပြည်တွင်းစားသုံးမှု ဈေးကွက်တွင် ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဖြူးနိုင်ရေး ကြိုးပမ်းခြင်းတို့ဖြင့် ဝင်ငွေတိုး ပိုမိုအကျိုးရှိနိုင်မည်ဖြစ်ပါသည်။ ။

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ဆဋ္ဌသင်္ဂါယနာ သာသနာ့သမိုင်းဝင် သီရိမင်္ဂလာကမ္ဘာအေးစေတီတော်မြတ်ကြီး၏ ထီးတော်သစ်ကြီးတင် လှူပူဇော်ရန်အတွက် ကွယ်လွန်သူ ဒေါ်ညွန့်အေး အသက်(၈၈)နှစ်အား ရည်စူး၍ ရန်ကင်းမြို့နယ်နေ ဗိုလ်မှူးဝင်းငွေ-ဒေါ်လီလီစိုး မိသားစုက အလှူငွေကျပ် ၅၀၀၀၀၀ ခန့် တန်ဖိုးရှိသော ရွှေထည်ပစ္စည်းများကို လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များဖြစ်သော ဦးခင်မောင်အေး (အလှည့်ကျသဘာပတိ)၊ ဦးလှမင်းနှင့် ဦးစောကြိုင်တို့ လက်ခံယူစဉ်။ (က-ပ)

ဒေးဒရဲမြို့နယ် ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးရေးအတွက် အလှူငွေပေးအပ်

နေပြည်တော် ဇွန် ၂၉

ဒေးဒရဲမြို့နယ် ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးရေးအတွက် အလှူငွေပေးအပ်ပွဲကို ဇွန် ၂၇ ရက် နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ရထားပို့ဆောင်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ ဒုတိယဝန်ကြီး ဦးဖေသန်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ အလှူရှင်များ တက်ရောက်ကြသည်။

လှူဒါန်းပွဲတွင် China National Complete Plant- Yunnan Co., Ltd. မှ Mr. Zheng Hui က လှူဒါန်းရခြင်းအကြောင်းကို ပြောကြားပြီး ငွေကျပ် သိန်း ၁၅၀ ကို လှူဒါန်းရာ ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ပြီး ကျေးဇူးတင်စကားပြောကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

၂၀၀၈ ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

နေပြည်တော် ဇွန် ၂၉

ကျန်းမာရေးဝန်ကြီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် ၂၀၀၈ ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ဇွန် ၂၈ ရက် နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အခမ်းအနားများကို နှစ်စဉ်ကျင်းပလာခဲ့ကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သတ်မှတ်သော ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ ဆောင်ပုဒ်များကို မြန်မာဘာသာ ပြန်ဆိုပြီး ၎င်းဆောင်ပုဒ်များ၏ ရည်မှန်းချက်များအတိုင်း တစ်နှစ်ပတ်လုံး လှုပ်ရှား ဆောင်ရွက်ခဲ့ကြကြောင်း၊ ယခုနှစ်အတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကသတ်မှတ်ထားသောဆောင်ပုဒ်မှာ "Tobacco-free Youth" ဖြစ်ပြီး မြန်မာဘာသာဖြင့် **"ဆေးလိပ်ကင်းပ လူငယ်ဘဝ၊ ဆွဲဆောင်မှုများ ဟန့်တားကြ"** ဟူ၍ ပြန်ဆိုထားကြောင်း။

အရှိန်အဟုန်မြှင့်

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ဆေးလိပ်ကင်းဝေးရေး စီမံချက်ကို ၂၀၀၀ပြည့်နှစ်မှစတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး တစ်နှစ်ထက်တစ်နှစ် အရှိန်အဟုန်မြှင့်တင်ပြီး ဆောင်ရွက်လာခဲ့ကြောင်း။

ကာကွယ်နိုင်

ထူးခြားသည့် မှတ်တိုင်တစ်ရပ်မှာ ၂၀၀၆ ခုနှစ် မေ ၄ ရက်မှာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုဥပဒေတစ်ရပ်ပြဋ္ဌာန်းနိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ဥပဒေပါ အချက်အလက်များအနက် ယခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့ ဆောင်ပုဒ်ဖြစ်သော "Tobacco-free Youth"နှင့် ကိုက်ညီသည့် အချက်အလက်များမှာ အသက်(၁၈)နှစ်မပြည့်သေးသောသူအား ဆေးလိပ်ကို ရောင်းချခြင်း (သို့) ပေးကမ်းခြင်း၊ အသက် (၁၈) နှစ် မပြည့်သေးသူကို ဆေးလိပ်ဖြန့်ဖြူးခြင်း (သို့) ရောင်းချခြင်းပြုရာတွင် ခိုင်းစေခြင်းတို့ကိုပြစ်မှုအဖြစ် သတ်မှတ်ထားသည့်အတွက် အရွယ်မရောက်သေးသော ကလေးသူငယ်များကို ဆေးလိပ် စမ်းသပ်သောက်သုံးမှု မပြုနိုင်ရန် ထိရောက်စွာ ကာကွယ်နိုင်မှာ ဖြစ်ကြောင်း ပြောကြားသည်။

သဝဏ်လွှာဖတ်ကြား

ထို့နောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေကိုယ်စားလှယ် Professor Adik Wibowo က အရှေ့တောင်အာရှ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ပေးပို့သည့် သဝဏ်လွှာကို ဖတ်ကြားသည်။

ယင်းနောက် ဝန်ကြီး ဒေါက်တာကျော်မြင့်၊ ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေကိုယ်စားလှယ် Professor Adik Wibowoနှင့် ညွှန်ကြားရေးမှူးချုပ်များက ၂၀၀၈ ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ အခြေခံပညာအထက်တန်း၊အလယ်တန်းနှင့်မူလတန်းအဆင့်တို့တွင် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုများ ရရှိခဲ့ကြသည့်ကျောင်းသား၊ ကျောင်းသူများအား ဆုများ ပေးအပ်ချီးမြှင့်သည်။ (သတင်းစဉ်)

ဓမ္မရက္ခိတဓမ္မာရုံ ဝါဆိုဦးတရားပွဲကျင်းပမည်

ရန်ကုန် ဇွန် ၂၉

တာမွေမြို့နယ် ကျောက်မြောင်းကြီးရပ်ကွက် ဒဂုဏ်သီရိလမ်းနှင့်ဩဘာလမ်းထောင့်ရှိ ဓမ္မရက္ခိတဓမ္မာရုံ၌ ဝါဆိုဦးတရားပွဲကို ဇူလိုင် ၁ရက် (အင်္ဂါနေ့)မှ ဇူလိုင် ၂ရက် (ဗုဒ္ဓဟူးနေ့) အထိ ညစဉ် ၇နာရီတွင် စစ်ကိုင်းအရှင်ခေမိန္ဒ (နယ်လှည့်ဓမ္မကထိကခင်မကန်တိုက်) ဆရာတော်က နိဗ္ဗာန်ရောက်ကြောင်းတရားတော်များ ဟောကြားပြသမည်ဖြစ်သည်။ တရားပွဲ အလှူခံရရှိသော အလှူငွေများကို လေဘေးသင့်ပြည်သူများထံ ပေးပို့လှူဒါန်းသွားမည်ဖြစ်ကြောင်းသိရသည်။ (က-ပ)

အိမ်မဲမြို့နယ်အသင်း ဝါဆိုသင်္ကန်းကပ်မည်

ရန်ကုန် ဇွန် ၂၉

အိမ်မဲမြို့နယ်အသင်း(ရန်ကုန်)၏ ပဉ္စမအကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၁၂ရက် (စနေနေ့) နံနက် ၉နာရီတွင် တောင်ဥက္ကလာပမြို့နယ် သံသုမာလမ်း (၆-ဝိုင်း) အိမ်မဲကျောင်းဆရာတော် ဘဒ္ဒန္တဇာနေယျအား အမှူးထား၍ ကျင်းပမည်ဖြစ်ရာ မြို့နယ်သူ မြို့နယ်သားများနှင့် အသင်းဝင်များအား ဖိတ်ကြားထားကြောင်း သိရသည်။

သင်္ကန်း၊ဆွမ်း၊ဆေးစသည်တို့ကို လှူဒါန်းလိုသူများသည် ဥက္ကဋ္ဌ ဦးအောင်တင် ဖုန်း-၂၅၁၃၂၃၊ ဒုတိယဥက္ကဋ္ဌ ဦးတင်သိန်း ဖုန်း-၂၄၆၉၃၇၊ ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်သန်း ဖုန်း-၆၆၅၃၄၆၊ အတွင်းရေးမှူး ဦးမြင့်စိုး ဖုန်း-၀၉-၅၀-၁၄၉၄၃၊ တွဲဖက်အတွင်းရေးမှူး ဦးဝင်းနိုင် ဖုန်း-၆၆၂၄၆၇၊ ဘဏ္ဍာရေးမှူး ဒေါ်ခင်မြဦး ဖုန်း-၂၉၉၉၆၅ နှင့် အမှုဆောင် ဒေါ်စီစီ ဖုန်း-၂၂၅၂၄၉၊ ဦးအောင်ဝင်း ဖုန်း-၃၇၈၂၀၅၊ ဦးကြည်ဦး ဖုန်း-၅၂၄၄၆၀၊ အကျိုးဆောင် ဦးသိန်းလွင် ဖုန်း - ၆၆၀၃၄၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (က-ပ)

အောင်စကြာမိုးကုတ်ရိပ်သာ ဝါတွင်းတရားစခန်းများ ဖွင့်မည်

ရန်ကုန် ဇွန် ၂၉

ရန်ကုန်တိုင်း သာကေတမြို့နယ် အောင်စကြာမိုးကုတ်ဝိပဿနာဓမ္မရိပ်သာကြီး၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဝါတွင်း အထူးတရားစခန်းပွဲများတွင် (ဝါဆိုလပြည့်ကျော်၆ရက်မှ ၁၅ရက်)ဇူလိုင် ၂၃ရက်မှ ဩဂုတ်၁ရက်အထိ ဦးကေသဝ(စမ်းချောင်း)၊ (ဝါခေါင်လဆန်း၆ရက်မှ၁၅ရက်) ဩဂုတ်၇ရက်မှ ၁၆ရက်အထိ ဦးစန္ဒသာရ(ကျောက်ကုန်းမြို့)၊ (ဝါခေါင်လပြည့်ကျော်၅ရက်မှ ၁၄ရက်) ဩဂုတ်၂၁ရက်မှ ၃၀ရက်အထိ ဦးဉာဏောဘာသ(သဇင်ရေကျော်)၊ (တော်သလင်းလဆန်း၆ရက်မှ၁၅ရက်) စက်တင်ဘာ ၅ရက်မှ၁၄ရက်အထိ ဦးပဏ္ဍိတ(ပိဋကတ်နှစ်ပုံဆောင်)၊ (တော်သလင်းလပြည့်ကျော် ၆ ရက်မှ ၁၅ရက်)စက်တင်ဘာ၂၀ရက်မှ၂၉ရက်အထိ ဦးသုမနာစာရ (မြောက်ဥက္ကလာပ)၊ (သီတင်းကျွတ်လဆန်း၆ရက်မှ၁၅ရက်) အောက်တိုဘာ ၅ရက်မှ ၁၄ရက်အထိ ဦးစန္ဒာသိရီ(အောင်စကြာ)နှင့် ဆရာဦးဆန်းတင်တို့က ပဋ္ဌာန်းသမုပ္ပာဒ်နှင့် သစ္စာလေးပါးတရားတော်များ ဟောကြားပြသမည်ဖြစ်ရာ ဤရိပ်သာ၌ဝါဆို၍ တရားအားထုတ်လိုသော သံဃာတော်များသည် ဝါဆိုလဆန်း၁၄ရက်နောက်ဆုံးထား၍ ကိုယ်တိုင်လာရောက် စာရင်းပေးသွင်းနိုင်ကြောင်းနှင့် အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ အချိုပွဲ၊ ဖျော်ရည် လှူဒါန်းလိုသော အလှူရှင်များသည် ဖုန်း-၅၄၇၀၂၈ နှင့် ၀၉၅၁၄၇၃၈၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည် (က-ပ)

နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဆက်လက်ရောက်ရှိ

ရန်ကုန် ဇွန် ၂၉

မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် ဒေသများအတွက် နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများ ပေးပို့လျက်ရှိကြရာ ထိုင်းနိုင်ငံအခြေစိုက် ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP)မှ လှူဒါန်းသော ထောက်ပံ့ရေးပစ္စည်းများ စုစုပေါင်း ၇၉ ဒသမ ၅၆၄ တန်နှင့် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) မှ လှူဒါန်းသော ထောက်ပံ့ရေးပစ္စည်းများ စုစုပေါင်း ၇၂ဒသမ၈ တန်တို့သည် ဇွန် ၂၈ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာကြသည်။ (သတင်းစဉ်)

HQ အမှတ်တံဆိပ် HDMI စနစ် အဆင့်မြင့် DVD ပြစက်များ မိတ်ဆက်ပြသ

ရန်ကုန် ဇွန် ၂၉

OK Myanmar Co., Ltd. ၏ HQ အမှတ်တံဆိပ် HDMI စနစ် အဆင့်မြင့် DVD ပြစက် ပုံစံအသစ်များ မိတ်ဆက်ပြသခြင်း အခမ်းအနားကို ယမန်နေ့ညနေ ၆ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေဂုံတိုင်မီးပွိုင့်အနီးရှိ Excel Treasure Tower, Crystal Jade ခန်းမ၌ ကျင်းပသည်။

OK Myanmar Co., Ltd ၏ HQ အမှတ်တံဆိပ် HDMI စနစ်အဆင့်မြင့် DVD ပြစက် ပုံစံအသစ်များ မိတ်ဆက်ပြသခြင်း အခမ်းအနားတွင် OK Myanmar Co., Ltd. မန်နေဂျင်းဒါရိုက်တာ ဦးကျော်ကျော်လှိုင် ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

အခမ်းအနားတွင်OK Myanmar Co., Ltd မန်နေဂျင်း ဒါရိုက်တာ ဦးကျော်ကျော်လှိုင်ကOK Myanmar Co.,Ltd. အနေဖြင့် ဒေဝူး အမှတ်တံဆိပ်နှင့် Sanyo အမှတ်တံဆိပ် လျှပ်စစ်ပစ္စည်းများအပြင် HQ လျှပ်စစ်ပစ္စည်းများကိုပါ တိုးချဲ့ဖြန့်ဖြူးနေသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒါရိုက်တာအဖွဲ့ဝင် ဦးဇော်ဝိတ်က ကုမ္ပဏီ၏ HQ အမှတ်တံဆိပ် အအေးခန်း Showcase များကို ပြည်သူများက ယုံကြည်လက်ခံ သုံးစွဲလာသည့်အပေါ် အခြေခံ၍ အိမ်သုံးလျှပ်စစ်ပစ္စည်း အမယ်အသစ်များ တိုးချဲ့ဖြန့်ဖြူးနေသည့် အခြေအနေများနှင့် HQ အမှတ်တံဆိပ် လျှပ်စစ်ပစ္စည်းများအပေါ် ကုမ္ပဏီ၏ ဝန်ဆောင်မှု အာမခံချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒါရိုက်တာအဖွဲ့ဝင် ဦးဝင်းမြင့်လှိုင်က ဈေးကွက်တွင် စတင်ဖြန့်ဖြူးမည့် HDMI စနစ် အဆင့်မြင့် DVD ပြစက်များ၏ အရည်အသွေးနှင့်စွမ်းဆောင်နိုင်မှုများကို အသေးစိတ်ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာသူများက ပြသထားသည့် HQ DVD ပြစက်များကို ကြည့်ရှုလေ့လာကြရာ ကုမ္ပဏီဝန်ထမ်းများက ရှင်းလင်းပြသကြသည်။

DVD ပြစက်များသည် ကျေးလက်ရောမြို့ပါ ကျယ်ပြန့်စွာသုံးစွဲလျက်ရှိပြီး နည်းပညာ တိုးတက်လာသည်နှင့်အမျှ သုံးစွဲနေသူများမှာလည်း ဖျော်ဖြေရေးကဏ္ဍသာမက ကွန်ပျူတာများ၊ Digital Camera များနှင့် ဆက်စပ်သုံးစွဲနိုင်အောင် တိုးမြှင့်ထုတ်လုပ်လာကြောင်း၊ မိမိတို့အနေဖြင့် DVD ပြစက်များ တင်သွင်းဖြန့်ဖြူးရာတွင် လူတန်းစားအားလုံး ကျယ်ပြန့်စွာ သုံးစွဲနိုင်ရေး အထူးအလေးထား လုပ်ဆောင်ခဲ့ကြောင်း၊ ယခုဖြန့်ဖြူးမည့် HQ အမှတ်တံဆိပ် DVD ပြစက်များသည် HDMI စနစ် ပါရှိသည့်အတွက် ကြည်လင်ပြတ်သားမှု အားကောင်းသည့်အပြင် သဘာဝ မြင်ကွင်း ကြည့်နေရသည့်အတိုင်း ကြည့်ရှုခံစားနိုင်ကြောင်း၊ USB စနစ် ပါရှိသည့်အတွက် Computer, Cameraတို့မှ Memory Stick များ ထည့်သွင်းကြည့်ရှုနိုင်ကြောင်း၊ ဗို့အား ၉၀ မှ ၂၄၀ အတွင်း အလုပ်လုပ်နိုင်သဖြင့် မီးအားကျပါကလည်း ကြည့်ရှုနိုင်ကြောင်းနှင့် နယ်များတွင် အသုံးပြုမည့် Model တွင် AC/DC စနစ်နှစ်မျိုးလုံးပါရှိသဖြင့် လျှပ်စစ်မီးမရှိသည့် နေရာများတွင်လည်း ဘက်ထရီဖြင့် ကြည့်ရှုအသုံးပြုနိုင်ကြောင်း၊ Anti Shake စနစ်တပ်ဆင်ထားသဖြင့် ယာဉ်များတွင် တပ်ဆင်အသုံးပြုနိုင်ကြောင်း၊ မိတ်ဆက်ဖြန့်ဖြူးခြင်းဖြစ်၍ ဈေးနှုန်းသက်သာစွာဖြင့် ဖြန့်ဖြူးမည့်အပြင် အာမခံသက်တမ်း တစ်နှစ်အတွင်း ပျက်စီးချို့ယွင်းမှုရှိပါက မည်သည့် အခကြေးငွေမျှမယူ ပစ္စည်းအသစ် လဲလှယ်တပ်ဆင်ပေးမည်ဖြစ်သည်။

OK Myanmar Co., Ltd. အနေဖြင့်TV, DVD နှစ်မျိုးလုံးဝယ်ယူသုံးစွဲသူများအတွက် Daewoo အမျိုးအစား 21" Flat TV နှင့် HQ DVD ပြစက်များ ပူးတွဲ၍ အထူးသက်သာသည့်ဈေးနှုန်းဖြင့် ရောင်းချပေးရန် စီစဉ်ထားကြောင်း သိရှိရသည်။

အသေးစိတ်သိရှိလိုပါက OK Myanmar Co., Ltd. ဒေဝူး အရောင်းပြခန်း ဖုန်း- ၃၉၂၉၈၆၊ ၃၉၂၉၈၇၊၃၉၂၉၉၇၊ ၃၇၇၆၂၇၊ HQ-1 ဖုန်း-၃၇၆၉၉၇၊ HQ-2 ဖုန်း-၂၄၁၀၇၇၊ ၃၈၇၆၄၄၊ ဒေဝူး အရောင်းပြခန်း(မန္တလေး) ဖုန်း-၀၂-၃၁၅၈၂၊ နေပြည်တော် ဒေဝူး အရောင်းပြခန်းဖုန်း-၀၆၇-၄၂၀၈၁၃ နှင့် Service Center ဖုန်း-၂၉၉၄၀၁၊ ၂၉၈၄၉၁ တို့သို့ ဆက်သွယ်မေးမြန်းနိုင်သည်။

(သတင်းစဉ်)

OK Myanmar Co., Ltd ၏ HQ အမှတ်တံဆိပ် HDMI စနစ် အဆင့်မြင့် DVD ပြစက် ပုံစံအသစ်များကို တွေ့ရစဉ်။ (သတင်းစဉ်)

သက်ရှိလောက တည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

Concordia International Co., Ltd. မိုးရာသီ အထူးဈေးရောင်းပွဲကျင်းပ

ရန်ကုန် ဇွန် ၂၉

Concordia International Co., Ltd. မှ နည်းပညာမြင့် သတင်းအချက်အလက်ဆိုင်ရာ ဆက်စပ်ပစ္စည်းများ၊ ကျန်းမာရေးဆိုင်ရာ အထောက်အကူပြု ပစ္စည်းများ၊ အင်ဂျင်နီယာ လုပ်ငန်းသုံးပစ္စည်းများနှင့် ခရီးသွားလမ်းညွှန် (GPS) များ မိတ်ဆက်ပွဲနှင့် မိုးရာသီအထူးဈေးရောင်းပွဲ ဖွင့်ပွဲအခမ်းအနားကို ဇွန် ၂၇ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကမ်းနားလမ်းရှိ Strand Hotel၌ ကျင်းပရာ Concordia International Co., Ltd. မန်နေဂျင်း ဒါရိုက်တာ ဒေါက်တာ သန်းဝင်းက အခမ်းအနားကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ရုံးလုပ်ငန်းသုံးအရောင်း မန်နေဂျာ ဦးမျိုးမြင့်ညွန့်က Fuji Xerox အမှတ်တံဆိပ် နောက်ဆုံးပေါ် မိတ္တူကူးစက်များနည်းပညာမြင့်သတင်း အချက်အလက်ဆိုင်ရာ ဆက်စပ်ပစ္စည်းများနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ဆေးရုံသုံးပစ္စည်းအရောင်း မန်နေဂျာ ဒေါက်တာ ဒေါ်ရီရီနိုင်က ကျန်းမာရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများ၏ အကျိုးသက်ရောက်မှု၊ ဂျာမနီနိုင်ငံမှ တင်သွင်းသော ဆီးချိုတိုင်းစက် (New Model) Omnitest Plus နှင့် စပ်လျဉ်း၍ လည်းကောင်း၊ အင်ဂျင်နီယာလုပ်ငန်းသုံး တိုင်းတာရေးပစ္စည်း အရောင်း မန်နေဂျာ ဦးညီညီမင်းက အင်ဂျင်နီယာလုပ်ငန်းသုံး ပစ္စည်းများဖြစ်သည့် ဂျပန်နိုင်ငံထုတ် Geodetic Total Station များ၊ Digital Theodolite များ၊ Laser Level များ၊ Autolevel များ၏ အဆင့်မြင့် တိုင်းတာရေးနည်း စနစ်များနှင့် လမ်း၊ တံတားဆောက်လုပ်ရာတွင် အသုံးဝင်သော တိုင်းတာရေးနည်းစနစ်များ၊ Garmin အမှတ်တံဆိပ်ကုန်းကြောင်း၊ လေကြောင်းသုံး GPS များ၊ Satellite Image များဖြင့် တွဲဖက်အသုံးပြုပုံ၊ ကုန်ထုတ်လုပ်ငန်းသုံး Digital ချိန်ခွင်များ၊ ဓာတ်ခွဲခန်းသုံး၊ အအေးခန်းသုံးနှင့် ရေစိမ်ခံ Digital ချိန်ခွင်များ၊ ရွှေရည်စမ်းသပ်ပေးနိုင်သော Ohaus အမှတ်တံဆိပ် Digital ချိန်ခွင်များနှင့် စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ဖွင့်လှစ်ထားရှိ

အဆိုပါ ပစ္စည်းများအတွက် အာမခံချက်ပေးထားပြီးစက်ချွတ်ယွင်းမှုဖြစ်ပေါ်လာပါက ပြန်လည် ပြင်ဆင်ပေး၍ Service Center များ ဖွင့်လှစ်ထားရှိပြီးဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

Concordia International Co., Ltd. မှ နည်းပညာမြင့် သတင်း အချက်အလက်ဆိုင်ရာ ဆက်စပ်ပစ္စည်းများ၊ ကျန်းမာရေးဆိုင်ရာ အထောက်အကူပြု ပစ္စည်းများ၊အင်ဂျင်နီယာလုပ်ငန်းသုံးပစ္စည်းများနှင့် ခရီးသွားလမ်းညွှန် (GPS)များ မိတ်ဆက်ပွဲနှင့် မိုးရာသီ အထူးဈေးရောင်းပွဲဖွင့်ပွဲတွင် ဧည့်သည်များ ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

ကျောင်းသား၊ ကျောင်းသူများအား အသိပညာပေး ဆွေးနွေးဟောပြော

ရန်ကုန် ဇွန် ၂၉

ရန်ကုန်တိုင်း ရဲတပ်ဖွဲ့၊ ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှ ရုံးဦးစီးမှူး(၁)ဒုတိယရဲမှူးမြင့်အောင်၊ အမှတ် (၃) ယာဉ်ထိန်းနယ်မြေမှူး ဒုတိယရဲမှူး မြင့်ကြည်တို့သည် ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းရှိ ဆရာ၊ဆရာမ၊ ကျောင်းသား၊ ကျောင်းသူ ၇၀၀ အား လည်းကောင်း၊ အမှတ် (၄) ယာဉ်ထိန်းနယ်မြေမှူး ဒုတိယရဲမှူး ခင်မောင်**(အပေါ်ပုံ)**နှင့် အနေ့ယာဉ်ဌာနစုမှူး ဒုတိယရဲမှူး ရွှေဝင်းတို့သည် သယ်န်းကျွန်းမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းရှိ ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူ ၆၁၆ ဦးအားလည်းကောင်း၊ အမှတ်(၅) ယာဉ်ထိန်းနယ်မြေမှူး ဒုတိယရဲမှူး မောင်မောင်သက်နှင့်အဖွဲ့သည် ဗိုလ်တထောင်မြို့နယ် အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်းရှိ ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူ ၃၀၀ အားလည်းကောင်း၊ ရုံးဦးစီးမှူး (၁) ဒုတိယရဲမှူး မြင့်အောင်နှင့် ရုံးဦးစီးမှူး(၂) ဒုတိယရဲမှူး ဝင်းမြင့်အောင်တို့သည် ဗိုလ်တထောင်မြို့နယ် အမှတ် (၂) အခြေခံပညာ အထက်တန်းကျောင်းရှိ ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူ ၃၀၀ အားလည်းကောင်း စုစုပေါင်း ဆရာ၊ ဆရာမ၊ ကျောင်းသူ၊ ကျောင်းသား ၁၉၁၆ ဦးအား ယာဉ်မတော်တဆမှုအန္တရာယ် ကင်းဝေးစေရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများနှင့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေး ဟောပြောမှုများအား နံနက်ပိုင်းနှင့် ညနေပိုင်းများတွင် အဖွဲ့များခွဲ၍ ဟောပြောပို့ချခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မုန်တိုင်းသင့် ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းအတွင်း

ဆက်သွယ်မှုပိုမိုတိုးတက်ကောင်းမွန်စေရေးအတွက် ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နေမှုများ

မေ ၂ရက်နှင့်၃ရက်နေ့တွင် ကျရောက်ခဲ့သော နာဂစ်မုန်တိုင်းကြောင့် ဧရာဝတီတိုင်း အဝေးဆက်ကြောင်း တာဝါတိုင်များဖြစ်သော ဖျာပုံတာဝါတိုင်၊ ဒေးဒရဲတာဝါတိုင်၊ လပွတ္တာတာဝါတိုင်၊ ဟိုင်းကြီးကျွန်း တာဝါတိုင်များ ကျိုးကျပျက်စီးခဲ့ပါသည်။ ဖျာပုံ-ရန်ကုန် ဆက်သွယ်ထားသည့် ဖိုင်ဘာလမ်းကြောင်း ပျက်စီးခဲ့ပြီး အဆက်အသွယ်များ ပြတ်တောက်ခဲ့ပါသည်။

မေ ၁၃ ရက်က ပန်းဘဲတန်းနယ်မြေတွင် တယ်လီဖုန်းတိုင်နှင့် ကေဘယ်လ်များပြုပြင်နေသည်ကို တွေ့ရစဉ်။

ယင်းကဲ့သို့ တာဝါတိုင်များ ကျိုးသွားခဲ့သဖြင့် ဖျာပုံ-ဘိုကလေး-ငပုတော-ဟိုင်းကြီး ဒစ်ဂျစ်တယ် မိုက္ကရိုဆက်ကြောင်းများနှင့် ဒေးဒရဲ-ဖျာပုံ၊ ဖျာပုံ-ဘိုကလေး၊ ဘိုကလေး-မော်ကျွန်း အင်နာလော့ မိုက္ကရိုဆက်ကြောင်းများ ပြတ်တောက်ခဲ့ပြီး ဘိုကလေး၊ မော်ကျွန်း၊ လပွတ္တာမြို့နယ်တို့ရှိ အော်တိုအိတ်ချိန်းများ ရပ်ဝေးသို့ ခေါ်ဆိုမှုရပ်ဆိုင်းသွားခဲ့ပါသည်။

သို့ရာတွင် မေ ၁ ရက်မှ စတင်စမ်းသပ်လျက်ရှိသော ပင်လယ်ပြင်ကမ်းနီးကမ်းဝေးစနစ်သုံး Vehicle mounted CDMA 450 စနစ်သုံး မိုဘိုင်းတယ်လီဖုန်းများကြောင့် နာရီပိုင်းအတွင်း ဆက်သွယ်မှုပြန်လည်ရရှိခဲ့ပြီး ကယ်ဆယ်ရေးလုပ်ငန်းများတွင် အကျိုးရှိထိရောက်စွာ အသုံးပြုနိုင်ခဲ့ပါသည်။ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးအဖွဲ့အားလုံးသို့လည်း ယင်းဖုန်းများကို မေလ ၃ ရက်မှ စတင်ဖြန့်ဝေ အသုံးပြုလျက်ရှိပါသည်။

ထို့ပြင် ဧရာဝတီတိုင်း ဆက်သွယ်မှုစနစ် အမြန်ကောင်းမွန်ရေး အရှိန်အဟုန်ဖြင့်ဆောင်ရွက်ခဲ့ရာ ဧရာဝတီတိုင်းVehicle mounted CDMA 450 စခန်းသစ်များကို ဘိုကလေး၊ မြောင်းမြ၊ ငပုတော သုံးနေရာတွင် အရေးပေါ် ဖွင့်လှစ်၍ ကယ်ဆယ်ရေးလုပ်ငန်းစဉ်များ အထောက်အကူဖြစ်စေရန်အတွက် အရေးပေါ် ဆက်သွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် တပ်ဆင်ပေးခဲ့ပါသည်။ Vehicle mounted CDMA 450 ဆက်သွယ်မှု မရရှိနိုင်သောဧရိယာများတွင် အရေးပေါ်ဆက်သွယ်ရေးအတွက် လက်ကိုင်ဂြိုဟ်တုဖုန်းများ၊ MPT Satellite Terminal များဖြင့်ဆက်သွယ်မှုရရှိစေရန်တပ်ဆင်ဆောင်ရွက်ပေးခဲ့ပါသည်။

ရန်ကုန်-မန္တလေး ဆက်ကြောင်းပေါ်ရှိ ဟသ်ာတ၊ ဇလွန်၊ အင်္ဂပူ၊ သာယာဝတီနှင့် တိုက်ကြီးမြို့တို့ကို ပြည်မြို့မှတစ်ဆင့် တပ်မတော် ဖိုင်ဘာဆက်ကြောင်းဖြင့်ချိတ်ဆက်၍အဆက်အသွယ်မပြတ်တောက်အောင်ဆောင်ရွက်ပေးခဲ့ပါသည်။ ၄-၅-၂၀၀၈ ရက်တွင် ရန်ကုန်-ပွိုင့်(၇၉) (ကွမ်းခြံကုန်း) ဆက်ကြောင်း ပြန်လည်ဖွင့်လှစ်ပေးနိုင်ခဲ့သဖြင့် ကော့မှူး၊ ကွမ်းခြံကုန်း၊ ဒေးဒရဲ ပတ်ဝန်းကျင်ဒေသအနှံ့ အဆက်အသွယ် ပြန်လည်ကောင်းမွန်စေခဲ့ပါသည်။ ၅-၅-၂၀၀၈ရက်တွင် မရမ်းကုန်း-ထောက်ကြန့်-မင်္ဂလာဒုံဖိုင်ဘာဆက်ကြောင်းနှင့် ထောက်ကြန့်-တိုက်ကြီး မိုက္ကရိုဝေ့(ဗ်) ဆက်ကြောင်း ပြုပြင်ပြန်လည်ကောင်းမွန်၍ ရန်ကုန်-မန္တလေးမိုက္ကရိုဝေ့(ဗ်)ဆက်ကြောင်းပုံမှန်အဆက်အသွယ်ရရှိခဲ့ပါသည်။ ၆-၅-၂၀၀၈ ရက်တွင် ဗဟန်း၊ သန်လျင် ဖိုင်ဘာဆက်ကြောင်း ပြန်လည်ကောင်းမွန်အောင်ပြုပြင်၍သန်လျင်မြို့အဆက်အသွယ်ပြန်လည်ရရှိစေခဲ့ပါသည်။ ၆-၅-၂၀၀၈ရက်တွင် သန်လျင်-ခရမ်း-သုံးခွမိုက္ကရိုဝေ့(ဗ်) ဆက်ကြောင်းပြန်လည်ပြုပြင်ပြီးစီး၍ အဆိုပါမြို့များ အဆက်အသွယ်ပြန်လည်ရရှိစေခဲ့ပြီး ခရမ်းမြို့၌ Vehicle mounted CDMA 450 အား ဖွင့်လှစ်အသုံးပြုနိုင်ပြီး အနီးပတ်ဝန်းကျင်အားလုံး အဆက်အသွယ်ရရှိစေခဲ့ပါသည်။

ကျုံမငေး-ဘိုကလေး Digital မိုက္ကရိုဝေ့(ဗ်) ဆက်ကြောင်းသစ်ကို ၆-၅-၂၀၀၈ ရက်နေ့တွင် ဖွင့်လှစ်နိုင်ခဲ့ပြီး ဘိုကလေးမြို့၌ Vehicle mounted CDMA 450 ဖွင့်လှစ်အသုံးပြုနိုင်၍ ဘိုကလေး-မော်လမြိုင်ကျွန်း ပတ်ဝန်းကျင်ဒေသတစ်လျှောက် အဆက်အသွယ်ရရှိအောင် ဆောင်ရွက်ပေးခဲ့ပါသည်။ ၁၃-၅-၂၀၀၈ ရက်နေ့တွင် ပုသိမ်-ငပုတော-လပွတ္တာ-ဟိုင်းကြီး မိုက္ကရိုဝေ့(ဗ်) ဆက်ကြောင်းပေါ်ရှိ လပွတ္တာ ၆၂မီတာ တာဝါကျိုးကျပျက်စီးခဲ့၍ အဆက်အသွယ် ပြတ်တောက်နေမှုအား ပြန်လည်ဆက်သွယ်မှု ရရှိစေရန် ပုသိမ်-ငပုတော-ဟိုင်းကြီး တိုက်ရိုက်မိုက္ကရိုဝေ့(ဗ်)ဆက်ကြောင်းကို ဖွင့်လှစ်နိုင်ခဲ့ပြီး

မေ ၁၁ ရက်က မရမ်းကုန်းနယ်မြေအတွင်း ပျက်စီးသွားသော ကေဘယ်လ်ကြိုးများအား ပြုပြင်နေစဉ်။

ဟိုင်းကြီးကျွန်းမြို့၌Vehicle mounted CDMA 450 အား အသုံးပြု၍ အနီးပတ်ဝန်းကျင်တစ်ဝိုက်အဆက်အသွယ်ရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

၁၆-၅-၂၀၀၈ရက်နေ့တွင် ရန်ကုန်- တွံတေး မိုက္ကရိုဝေ့(ဗ်)ဆက်ကြောင်း ပြုပြင်ပေးခဲ့၍ တွံတေးမြို့အား အဆက်အသွယ် ပြန်လည်ရရှိစေခဲ့ပါသည်။ လှည်းကူး-အင်းတိုင် ဖိုင်ဘာဆက်ကြောင်း ပြုပြင်ကောင်းမွန်၍ အဆိုပါမြို့များ အဆက်အသွယ် ပြန်လည်ရရှိစေခဲ့ပါသည်။

သတင်းဆောင်းပါး-သက်စံ

မေ ၁၅ရက်က လှိုင်သာယာစက်မှုဇုန်တွင် ကရိန်းကားဖြင့် မီးတိုင်များ စိုက်ထူနေသည်ကို တွေ့ရစဉ်။

အဆက်အသွယ်ပြတ်တောက်နေသောလပွတ္တာမြို့နှင့် အနီးပတ်ဝန်းကျင်တစ်ဝိုက် အဆက်အသွယ်ကောင်းမွန်ရေးအတွက် ၁၇-၅-၂၀၀၈ ရက်နေ့တွင် လပွတ္တာ-ဟိုင်းကြီးကျွန်းဆက်ကြောင်းကို လပွတ္တာမြို့ရှိ ပြန်ကြားရေးဝန်ကြီးဌာန၏ တာဝါတိုင်အား အသုံးပြု၍ ဖွင့်လှစ်ပေးနိုင်ခဲ့ပါသည်။ လပွတ္တာ- ဟိုင်းကြီး-ငပုတော-ပုသိမ်ဆက်ကြောင်းမှတစ်ဆင့် Vehicle mounted CDMA 450 ဖွင့်လှစ်အသုံးပြုပြီး လပွတ္တာမြို့နှင့် အနီးပတ်ဝန်းကျင်ဒေသများအား ကယ်ဆယ်၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းအတွက် ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

ဧရာဝတီတိုင်းအတွင်းရှိ ဖျာပုံ၊ ကျိုက်လတ်၊ မအူပင်၊ ဘိုကလေး၊ မော်လမြိုင်ကျွန်း၊ လပွတ္တာမြို့နယ်အားလုံး တိုင်အသစ် စိုက်ထူပြီးစီးခဲ့ပြီး ယိုင်လဲနေသော တိုင်များမတ်ထူခြင်း၊ ကေဘယ်လ်များ အစားထိုးလဲလှယ်ခြင်း ၁၀၀ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးခဲ့ရာ ယနေ့အထိ တယ်လီဖုန်းလိုင်း ၉၀ရာခိုင်နှုန်းကျော် ပြန်လည်ဆက်သွယ်နိုင်ခဲ့ပြီဖြစ်ပါသည်။

အရေးပေါ်ကယ်ဆယ်ရေး လုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်း ဌာနဆိုင်ရာများနှင့် လုပ်ငန်းရှင်များသို့ Vehicle mounted CDMA 450 တယ်လီဖုန်း စုစုပေါင်း ၃၄၇၀ လုံး ထုတ်ပေးထားပြီးဖြစ်ပါသည်။

ထို့ပြင် မုန်တိုင်းကျရောက်ပြီးသည့်နောက် ဧရာဝတီတိုင်းအတွင်းရှိ ကျေးရွာများတွင် ဒေသခံပြည်သူများ လူမှုရေး၊ စီးပွားရေး လုပ်ငန်းကိစ္စများ အလွယ်တကူ ဆက်သွယ်ဆောင်ရွက်နိုင်ရေးအတွက် ဧရာဝတီတိုင်းအတွင်းရှိ ကျေးရွာ ၃၆၀ တွင် ပီစီအိုဖုန်းများတပ်ဆင်နိုင်ရေးဆောင်ရွက်ပေးခဲ့ပါသည်။

ပုသိမ်မြို့နယ်တွင် ကျေးရွာ ၁၈ ရွာ၊ ကန်ကြီးထောင့်မြို့နယ်တွင် ကျေးရွာ ၂၁ ရွာ၊ သာပေါင်းမြို့နယ်တွင် ကျေးရွာ ၁၉ ရွာ၊ ပန်းတနော်မြို့နယ်တွင် ကျေးရွာ ၁၁ ရွာ၊ ညောင်တုန်းမြို့နယ်တွင် ကျေးရွာ ၂၁ ရွာ၊ ဓနုဖြူမြို့နယ်တွင် ကျေးရွာ ကိုးရွာ၊ ဖျာပုံမြို့နယ်တွင် ကျေးရွာ ၃၀၊ ဘိုကလေးမြို့နယ်တွင် ကျေးရွာ ၂၃ ရွာ၊ ကျိုက်လတ်မြို့နယ်တွင် ကျေးရွာ သုံးရွာတို့၌ ပီစီအိုဖုန်းများ တပ်ဆင်ထားပြီး ဖြစ်ပါသည်။

စာမျက်နှာ ၅ ကော်လံ ၁သို့ ❍



မော်လမြိုင်ကျွန်းမြို့ မြို့တွင်း၌ ကွန်ကရစ်မီးတိုင်များ အစားထိုးစိုက်ထူ၍ ကေဘယ်လ်လိုင်းများ သွယ်တန်းပြီးစီးနေသည်ကို ဇွန် ၁၃ ရက်က တွေ့ရစဉ်။

ဇွန် ၁၂ ရက်က ဖျာပုံမြို့တွင်း၌ ကွန်ကရစ်မီးတိုင်များ အစားထိုးစိုက်ထူ၍ ကေဘယ်လ်လိုင်းများ သွယ်တန်းပြီးစီးနေသည်ကို တွေ့ရစဉ်။

မော်လမြိုင်ကျွန်းမြို့ မိုက္ကရိုဝေ့(ဗ်)အဆောက်အအုံနှင့် တာဝါတိုင် ပြန်လည်ပြုပြင်ပြီးစီးနေသည်ကို ဇွန် ၃ ရက်က တွေ့ရစဉ်။

○ စာမျက်နှာ ၄ သတင်းဆောင်းပါးမှအဆက်

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသည် ဧရာဝတီတိုင်းအတွင်း မုန်တိုင်းကျရောက်မှုမတိုင်မီ အော်တိုတယ်လီဖုန်း အိတ်ချိန်း ၂၂ ခု၊ အော်တိုတယ်လီဖုန်း လိုင်းပေါင်း ၂၅၂၄၀၊ ဂျီအက်စ်အမ်မိုဘိုင်းစတေရှင်သုံးခု၊ ဂျီအက်စ်အမ်မိုဘိုင်း လိုင်းပေါင်း ၂၅၀၀၀၊ အော်တိုရေဒီယိုစခန်းနှစ်ခု၊ စီဒီအမ်အေမိုဘိုင်းစခန်းခြောက်ခု၊ စီဒီအမ်အေ လိုင်းပေါင်း ၁၈၀၀၀ တပ်ဆင်ထားရှိပြီး ပြည်တွင်း၊ ပြည်ပ ဆက်သွယ်မှုလုပ်ငန်းများဆောင်ရွက်လျက်ရှိပါသည်။

ဖျာပုံမြို့ရှိ CDMA တာဝါတိုင်မှာ မေ ၂၄ ရက်တွင် ပြန်လည်တပ်ဆင်ပြီးစီးနေပြီဖြစ်သည်။

ထို့ပြင် ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနအနေဖြင့် ကျယ်ပြန့်သော မြန်မာ့ပင်လယ်ပြင်ကမ်းရိုးတန်းတစ်လျှောက် မှီတင်းနေထိုင်လျက်ရှိသော ပြည်သူများနှင့် စီးပွားရေးဆောင်ရွက်နေသော ပင်လယ်ပြင်စီးပွားရေးလုပ်ငန်းများအတွက် လုံခြုံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် သဘာဝဘေးအန္တရာယ်ကာကွယ်ရေးတို့တွင် အချိန်နှင့်တစ်ပြေးညီ ဆက်သွယ်မှုရရှိနိုင်ရန်အတွက် Vehicle mounted CDMA 450 ဆက်သွယ်မှုစနစ်ကို ၂၀၀၈ခုနှစ်နှစ်ဆန်းပိုင်းတွင် စတင်ဆောင်ရွက်ခဲ့ပါသည်။

ယင်းစနစ်သည် ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်း၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းတို့တွင် မြို့နယ်ပေါင်း ၄၈ နေရာ၌ လိုင်းအင်အား ၇၁၅၀၀ ကို တပ်ဆင်မည်ဖြစ်ပါသည်။ ပထမအဆင့် လိုင်းအင်အား ၅၇၀၀၀ ကို မေ ၁ ရက်တွင် စမ်းသပ်ဖွင့်လှစ်ခဲ့ပြီး ဧရာဝတီတိုင်းမှ ပုသိမ်၊ မြောင်းမြ၊ မအူပင်၊ ဖျာပုံ၊ ဘိုကလေး၊ လပွတ္တာ၊ ကျုံမငေး၊

ရန်ကုန်-မအူပင် အဝေးဖိုင်ဘာဆက်ကြောင်းရှိ တိုင်များမှာ မေ ၂၃ ရက်ကတည်းက ပြုပြင်ပြီးစီးနေပြီဖြစ်သည်။

ကျောင်းကုန်း၊ ရေကြည်၊ ဟင်္သာတ၊ ဟိုင်းကြီး၊ ငွေဆောင်တို့တွင် လိုင်းအင်အား ၂၀၀၀၀ခန့် ဖွင့်လှစ်စမ်းသပ်ခဲ့ပါသည်။

ထို့ပြင် ဧရာဝတီတိုင်းအတွင်း၌ ဖိုင်ဘာဆက်ကြောင်းများအနေဖြင့် ဖျာပုံ၊ ကျိုက်လတ်၊ မအူပင်၊ မဲဇလီ၊ ညောင်တုန်း၊ ပန်းတနော်၊ ကျောင်းကုန်း၊ ငွေဆောင်၊ချောင်းသာ၊မြန်အောင်၊ကြံခင်း၊ရေကြည်၊ကျုံပျော်၊ ဟင်္သာတ စသော အဝေးဖိုင်ဘာဆက်ကြောင်းကြီးများကို တည်ဆောက်ထားပြီးဖြစ်ပါသည်။

အဝေးဖိုင်ဘာဆက်ကြောင်းအတွင်းရှိ မီးတိုင်များနှင့် ကေဘယ်လ်လိုင်းများ သွယ်တန်းပြီးစီးနေသည်ကို မေ ၂၀ရက်က တွေ့ရစဉ်။

ဧရာဝတီတိုင်းတွင် ယင်းဖိုင်ဘာကေဘယ်လ်ဆက်ကြောင်းများအပြင် ဒစ်ဂျစ်တယ်မိုက္ကရိုဝေ့(ဗ်)ဆက်ကြောင်းများအဖြစ်မအူပင်-ဝါးခယ်မ-မြောင်းမြ-ပုသိမ်-ငပုတော-လပွတ္တာ-ဟိုင်းကြီး-ကျုံမငေး-ဖျာပုံ-ဘိုကလေး-ဓနုဖြူ-ဟင်္သာတ-ဇလွန်-အင်္ဂပူ-သာယာဝတီ-ကြံခင်း-ဇီးကုန်းဆက်ကြောင်းများကို ချိတ်ဆက်ပြီး ပြည်တွင်း၊ ပြည်ပ ဆက်သွယ်လျက်ရှိပါသည်။

ထို့ပြင် ဧရာဝတီတိုင်းအတွင်း အခြားဆက်ကြောင်းများအဖြစ် ဒေးဒရဲ-ဖျာပုံ-ဘိုကလေး-မော်လမြိုင်ကျွန်း-ပုသိမ်-ကန်ကြီးထောင့်- ရေကြည် ဟင်္သာတ-သာပေါင်းဆက်ကြောင်းဖြင့်ဆက်သွယ်ဆောင်ရွက်လျက်ရှိပါသည်။

ထိုသို့ ဧရာဝတီတိုင်းအတွင်း ဖိုင်ဘာဆက်ကြောင်း၊ မိုက္ကရိုဝေ့(ဗ်)ဆက်ကြောင်း၊ အခြားဆက်သွယ်မှုဆက်ကြောင်းများ အသုံးပြုပြီး နေရာအနှံ့မှ အော်တိုလိုင်း ၂၅၂၄၀၊ GSM မိုဘိုင်းလိုင်း ၁၈၀၀၀၊ Vehicle mounted CDMA 450 လိုင်း ၂၀၀၀၀ တို့ဖြင့် ပြည်တွင်း၊ ပြည်ပသို့ ဆက်သွယ်ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် မုန်တိုင်းသင့်ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းအတွင်း ဆက်သွယ်မှု ကောင်းမွန်စေရေးအတွက် အစွမ်းကုန်ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိပြီး မုန်တိုင်းမတိုင်မီ ကာလကထက် ဆက်သွယ်မှု ပိုမိုတိုးတက်ကောင်းမွန်စေရေး ရည်မှန်းဆောင်ရွက်လျက်ရှိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

တာမွေမြို့နယ် မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်းကြီးက ကြီးမှူး၍ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဟောပြောပွဲနှင့် ဆုချီးမြှင့်ပွဲကို ဇွန် ၂၆ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ဉာဏ်ဝင်းက မူးယစ်ဆေးဝါးအန္တရာယ်နှင့် ဥပဒေများအကြောင်း ဟောပြောစဉ်။ (၀၈)

အိုလံပစ်နေ့အထိမ်းအမှတ် ဂျူဒိုပြိုင်ပွဲကျင်းပ

ရန်ကုန် ဇွန် ၂၉

မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်က ကြီးမှူး၍ ၂၀၀၈ ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ် ဂျူဒိုပြိုင်ပွဲကို ဇွန်၂၅ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ် လေ့ကျင့်ရေးစခန်း၌ကျင်းပရာ ပြိုင်ပွဲတွင် အမျိုးသား လေးတန်းနှင့် အမျိုးသမီး ခြောက်တန်းများမှ ဂျူဒိုအားကစားသမားများက ပတ်လည်စနစ်ဖြင့် ကျင်းပပြီး ဆုရရှိကြသူများအား မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးထွန်းထွန်း **(ယာပုံ)** ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးသိန်းအောင်၊ ဦးအေးကြည်တို့နှင့် အမှုဆောင်များက ဆုများကို ပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။

(ကြေးမုံ)

တစ်ချက်တည်း ကျင်းဝင်

ရန်ကုန် ဇွန် ၂၉

ရန်ကုန်ဂေါက်အသင်း(တညင်းကုန်း)တွင် မောင်ရဲလင်းဦးသည် ဇွန် ၂၁ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် ကစားဖော်များဖြစ်သော ဦးသိန်းဇော်မြင့်၊ ဦးချစ်ဆွေတို့နှင့်အတူ ဂေါက်သီးရိုက်ကစားရာ ကျင်းအမှတ်(၄)၊ ၁၆၈ ကိုက်အကွာမှ Srixon 1 Zurs ဘောလုံးအား Iron (4)Titleist တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားခဲ့ကြောင်း သိရသည်။

ထို့အတူ ရန်ကုန်ဂေါက်အသင်း (တညင်းကုန်း)၌ ယင်းနေ့ မွန်းလွဲ ၂ နာရီ ၄ မိနစ်တွင် ဦးတက်တိုးသည် ကစားဖော်များဖြစ်သော ဦးကျော်ခင်၊ ဦးဝင်းမြင့်သိန်း၊ ဦးလှရှိန်၊ ဦးပေါပေါတို့နှင့်အတူ ဂေါက်သီးရိုက်ကစားရာ ကျင်းအမှတ်(၈)၊ ၁၄၆ ကိုက်အကွာမှ Precept E.V(4) ဘောလုံးအား Titleist Iron(5)တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သိရသည်။

(က-ပ)

ဘိုကလေးမြို့နယ် လေဘေးသင့်ပြည်သူများအား ဓနုဖြူမြို့နယ်မှ ဌာနဆိုင်ရာများနှင့်အဖွဲ့အစည်းများမှလှူဒါန်း

ရန်ကုန် ဇွန် ၂၉

ဧရာဝတီတိုင်းအတွင်းရှိ လေဘေး၊ ရေဘေးသင့် ပြည်သူများအတွက် ဓနုဖြူမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးတင့်လွင်၏ဦးဆောင်စီမံမှုဖြင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စုအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံလုပ်ငန်းရှင်၊ စေတနာရှင်များ စုပေါင်း၍ ဆန်အိတ်၄၀၀ပဲ၂၇အိတ်၊ အဝတ်အထည် ၂၈၄ ထုပ်နှင့် စားသောက်ကုန်ပစ္စည်းများ၊ အဝတ်အထည်များ၊ လူသုံးကုန်ပစ္စည်းများ စုစုပေါင်းတန်ဖိုး ငွေကျပ် ၁၆၂ သိန်း တန်ဖိုးရှိ ပစ္စည်းမျိုးစုံအား မေ၂၉ရက်က ဓနုဖြူမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့်မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်လှလှစိန်နှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ စေတနာရှင်ပြည်သူများက ဘိုကလေးမြို့နယ်ရှိ လေဘေး၊ ရေဘေးသင့်ပြည်သူများထံသို့ သွားရောက်လှူဒါန်းခဲ့ကြောင်းသိရသည်။ **(အောက်ပုံ)** **(က-ပ)**

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၀-၆-၂၀၀၈ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၅ ၃။ အမျိုးသားရေး တေးကဗျာ
- ၄း၂၀ ၄။ ချိုမြလက်သံ ငြိမ့်ညောင်းဟန်
- ၄း၃၀ ၅။ ရင်မှာစွဲလမ်း တော်ဝင်ပန်း
- ၄း၄၅ ၆။ မျိုးချစ်တပ်မတော်
- ၄း၅၀ ၇။ ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
- ၅း၂၀ ၈။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၅း၃၀ ၉။ ဗွီစီဒီကျော်ကြား တေးများ
- ၅း၄၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြား သတင်း
- ၆း၁၀ ၁၂။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၃။ အမျိုးသားရေး တေးကဗျာ
- ၆း၂၅ ၁၄။ သွက်လက်လှုပ်ရှား ကစားစို့လား
- ၆း၄၅ ၁၅။ လှျပ်တစ်ပြက်ရိုက်ချက်
- ၇း၀၀ ၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ရာဇဝင်တွင်တဲ့ သူရဲကောင်း အပိုင်း(၈၀)**
- ၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြား သတင်း
- ၁၈။ မိုးလေဝသသတင်း
- ၁၉။ အမျိုးသားရေး တေးကဗျာ
- ၂၀။ မေးမြန်းစူးစမ်း
- ၂၁။ သီဆိုဖြေဖျော် တစ်ကိုယ်တော်
- ၂၂။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း အဖြူရောင် မြွေမင်းသမီးလေး အပိုင်း(၂၅)**
- ၂၄။ သင့်အတွက်မနက်ဖြန်
- ၂၅။ အပိတ်နှုတ်ဆက်စကား
- ၂၆။ ပြီးပါပြီ။

မြန်မာအမျိုးသမီးများအားလုံးအတွက် မြန်မာအမျိုးသမီးများနေ့

နှစ်စဉ် ဇူလိုင်လ(၃)ရက်နေ့တွင် ကျရောက်သည့် မြန်မာအမျိုးသမီးများနေ့သည် မြန်မာအမျိုးသမီးထုကြီး တစ်ရပ်လုံးအတွက် ကျက်သရေမင်္ဂလာရှိသည့် နေ့ထူးတစ်နေ့ ဖြစ်ပါသည်။

၁၉၉၅ ခုနှစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ ကျင်းပခဲ့သည့် စတုတ္ထအကြိမ် နိုင်ငံတကာ အမျိုးသမီးများညီလာခံ (Beijing's Fourth World Women's Conference, 1995) မှ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတိုင်း၌ အမျိုးသားအဆင့်ယန္တရား(National Mechanism) ဖွဲ့စည်းဆောင်ရွက်ကြရန် ဆွေးနွေးဆုံးဖြတ်ချက်အရ မြန်မာနိုင်ငံအနေဖြင့်လည်း မြန်မာအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်**"မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ"** (Myanmar National Committee For Women's Affairs -MNCWA) ကို ၁၉၉၆ ခုနှစ် ဇူလိုင်လ ၃ရက်နေ့တွင် ဖွဲ့စည်းခဲ့ပါသည်။ ထိုမှတစ်ဆင့် မြန်မာအမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၌ အမျိုးသမီးထုကြီး ကိုယ်တိုင်ပါဝင်ဆောင်ရွက်နိုင်ရန်၊ လုပ်ငန်းများကို ပိုမိုကျယ်ကျယ်ပြန့်ပြန့်နှင့် ထိရောက်စွာ လွှမ်းခြုံအကောင်အထည်ဖော် လုပ်ဆောင်သွားနိုင်ရန်၊ ပြည်တွင်းပြည်ပနှင့် အပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့်လည်း လွယ်ကူစွာဆက်သွယ်ဆောင်ရွက်နိုင်ရန် နိုင်ငံတော်အစိုးရ၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ၂၀၀၃ခုနှစ် ဒီဇင်ဘာလ ၂၀ရက်နေ့တွင် **"မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်"** (Myanmar Women's Affairs Federation-MWAF)ကို ဖွဲ့စည်းခဲ့သည်။

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အနေဖြင့် လုပ်ငန်းအဖွဲ့ အသီးသီးမှတစ်ဆင့် အောက်ပါရည်ရွယ်ချက်(၇)ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိသည်-

(၁) **အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုး တိုးတက်သည့်နိုင်ငံတော်ကြီး တည်ဆောက်ရာတွင် အမျိုးသမီးများ၏ ကဏ္ဍကို မြှင့်တင်ပေးရန်၊**

(၂) **အမျိုးသမီးများ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန်၊**

(၃) **အမျိုးသမီးများ၏ စီးပွားရေး၊ကျန်းမာရေး၊ပညာရေး စသည်များ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် အမျိုးသမီးများ၏ ဘဝလုံခြုံရေးကို ကာကွယ်စောင့်ရှောက်ရန်၊**

အေးမြ

(၄) **တိုင်းရင်းသား ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများကို ပိုမိုမြတ်နိုးတန်ဖိုးထားသည့် စိတ်ဓာတ် မြှင့်တင်ရေးအတွက် အမျိုးသမီးများအားလေ့ကျင့်ပျိုးထောင်ပေးရန်၊**

(၅) **အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေးနှင့်ပြန်လည်နေရာချထားရေး လုပ်ငန်းများကို စနစ်တကျ အကောင် အထည်ဖော်ဆောင်ရွက်ရန်၊**

(၆) **အမျိုးသမီးများနှင့် ကလေးသူငယ်များအား လူကုန်ကူးမှုလျော့နည်းပပျောက်ရေးအတွက် အမျိုးသားရေးတာဝန်ကြီး တစ်ရပ်အဖြစ် ဆောင်ရွက်ရန်၊**

(၇) **အမျိုးသမီးများ၏ အခွင့်အရေးများကို တိုင်းရင်းသား ယဉ်ကျေးမှုဓလေ့ထုံးစံနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အစိုးရမဟုတ်သော အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ ပြည်တွင်းအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်။**

အပြည်ပြည် ဆိုင်ရာအမျိုးသမီးများနေ့ (International Women's Day) ဖြစ်သည့် မတ်လ ၈ ရက်နေ့ကို အလေးထားဂုဏ်ပြုရမည့်နည်းတူ၊ မြန်မာအမျိုးသမီးများနေ့အဖြစ် သတ်မှတ်ထားသည့် ဇူလိုင်လ ၃ ရက်နေ့ကို ကျွန်မတို့မြန်မာအမျိုးသမီးအားလုံးက ပို၍ပင် ကြိုဆိုအလေးထားကြဖို့လိုပါမည်။ မြန်မာအမျိုးသမီးထုကြီးတစ်ရပ်လုံးအတွက် မားမားမတ်မတ် ရပ်တည်၊ ကာကွယ်စောင့်ရှောက် ညွှန်ကြားပေးနေသည့် **"မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်"**၏ ရှေ့ပြေး မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ စတင်ဖွဲ့စည်းခဲ့သည့်နေ့ကို ဂုဏ်ပြုသည့် အနေဖြင့် သတ်မှတ်ပေးခဲ့သည့်နေ့ဖြစ်၍လည်း အလေးအနက် တန်ဖိုးထား ကြိုဆိုရမည်ဖြစ်သည်။

အစိုးရမဟုတ်သောလူမှုရေးအဖွဲ့အစည်းတစ်နည်းအားဖြင့် ပြည်သူလူထု အခြေပြုသည့် အဖွဲ့အစည်း (Civil Society Organization) တစ်ခုအဖြစ် မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်သည် အမျိုးသမီးထုကြီးတစ်ရပ်လုံး၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဘဝလုံခြုံရေးတို့ကို အားကြိုးမာန်တက် စဉ်ဆက်မပြတ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အဖွဲ့အစည်းကြီးဖြစ်ပါသည်။

မြန်မာအမျိုးသမီးများနေ့

၂၀၀၈ ခုနှစ်၊ ဇူလိုင်လ(၃)ရက်

MYANMAR WOMEN'S DAY

3rd July 2008

ပြီးခဲ့သည့် မတ်လ ၈ရက် ၂၀၀၈ခုနှစ် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့အတွက် အဓိက ဆောင်ပုဒ်မှာ ("Investing in Women and Girls") "အမျိုးသမီးများနှင့် မိန်းကလေးများတွင် ရင်းနှီးမြှုပ်နှံ" ဖြစ်ပါသည်။ ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ်ကလည်း "အမျိုးသမီးများနှင့် မိန်းကလေးများတွင် ရင်းနှီး မြှုပ်နှံမှုပြုခြင်းမှာ အမှန်လုပ်သင့်လုပ်ထိုက်သည့် ကိစ္စရပ်တစ်ခုသာမဟုတ်၊ ထူးချွန်ပြောင်မြောက်တဲ့ လုပ်ငန်း တစ်ခုလည်းဖြစ်တယ်၊ ကမ္ဘာကြီးဖွံ့ဖြိုးတိုးတက်ဖို့နဲ့ ကမ္ဘာ့ငြိမ်းချမ်းရေး အတွက်ပါ အသုံးဝင် အကျိုးရှိစေမယ့် အများမသိသေးတဲ့ စွမ်းအားတွေ အမျိုးသမီးတွေဆီမှာ ရှိတယ်ဆိုတာ ကျွန်တော်ယုံကြည်တယ်" ဟူ၍ ညွှန်းဆိုထားပါသည်။

တစ်ဆက်တည်းမှာပင် အမျိုးသမီးများနှင့် မိန်းကလေးများတွင် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အဆိုပြုချက်များကိုလည်း ထုတ်ဖော်ခဲ့ရာ၌ အမျိုးသမီးများအတွက် အလုပ်လုပ်ခွင့်ရစေရန်နှင့် ထုတ်လုပ်မှုစွမ်းအားများ ပိုမိုမြှင့်တင်ရေးဆောင်ရွက်ချက်များ၊ အမျိုးသမီးများအတွက် ငွေကြေးဆိုင်ရာ ထောက်ပံ့အကူအညီပေးမှုများပိုမိုမြှင့်တင်ပေးရေးနှင့် ကျား-မ အခွင့်အရေးကွာဟချက်များ လျော့နည်းစေရေးဆိုင်ရာ ကြိုးပမ်းမှုများ ပါဝင်ပါသည်။

သမိုင်းတစ်လျှောက် ကျွန်မတို့ မြန်မာအမျိုးသမီးများအနေဖြင့် ကံကောင်းသည်ဟုဆိုရပါမည်။ အချို့နိုင်ငံများမှာကဲ့သို့ အမျိုးသမီးများအား ခွဲခြားနှိမ့်ချ ဆက်ဆံမှုမခံရဘဲ အမျိုးသားများနှင့် တန်းတူအခွင့်အရေးရသူများ ဖြစ်ကြပါသည်။ ထို့ကြောင့် အဖွဲ့ချုပ်အနေဖြင့် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းရပ်များကို ပိုမို အလေးထားဆောင်ရွက်ပေးနိုင်ခဲ့သည်။

အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ မွန်မြတ်သော ရည်ရွယ်ချက် လမ်းကြောင်းအတိုင်း လျှောက်လှမ်းခဲ့သည့် ကာလတစ်လျှောက် မြန်မာအမျိုးသမီးများနှင့် ငယ်ရွယ်သူမိန်းကလေးများအတွက် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းမှုများ၊ အမျိုးသမီးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးသင်တန်းများ၊ အသိပညာပေး ဟောပြောပွဲများ၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများ၊ ကျန်းမာရေး၊ ပညာရေးကဏ္ဍများ၌ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပေးမှုများ၊ အလုပ်အကိုင်ရရှိရေးနှင့် မိသားစုဝင်ငွေတိုးတက်စေရေးအတွက် ထောက်ပံ့ကူညီပေးမှုများ၊ အသေးစား ချေးငွေလုပ်ငန်းများ စသည်တို့မှာ အဖွဲ့ချုပ်၏ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းစဉ်များမှ တစ်စိတ်တစ်ဒေသဖြစ်ပါသည်။

အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ဆောင်ပုဒ်နှင့်အညီ နိုင်ငံတော်၏ အနာဂတ်အင်အားများဖြစ်ကြရလေအောင် အမျိုးသမီးများနှင့် မိန်းကလေးငယ်များအတွက် ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ပေးနေသည့် မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်ကြီးကို ဂုဏ်ပြုရင်း ဇူလိုင်လ ၃ ရက်နေ့ မြန်မာအမျိုးသမီးများနေ့ကို လှိုက်လှဲစွာကြိုဆိုဂုဏ်ပြုလိုက်ရပါသည်။ ။

သမိုင်းတစ်လျှောက် ကျွန်မတို့ မြန်မာအမျိုးသမီးများ အနေဖြင့် ကံကောင်းသည်ဟု ဆိုရပါမည်။ အချို့နိုင်ငံများမှာကဲ့သို့ အမျိုးသမီးများအား ခွဲခြားနှိမ့်ချဆက်ဆံမှုမခံရဘဲ အမျိုးသားများနှင့် တန်းတူအခွင့်အရေးရသူများ ဖြစ်ကြပါသည်။ ထို့ကြောင့် အဖွဲ့ချုပ်အနေဖြင့် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းရပ်များကို ပိုမို အလေးထားဆောင်ရွက်ပေးနိုင်ခဲ့သည်။

ပုခက်လွှဲတဲ့ ဒို့လက်များ

- မြန်မာအမျိုးသမီးများ ဖွံ့ဖြိုးလို့ တိုးတက်ဖို့ဆောင်ရွက်မယ် ဓိဋ္ဌာန်ကွယ် ရည်ရွယ်ခုနစ်ရပ်နဲ့ ဖွဲ့စည်းခဲ့ပါတယ်။
- ကမ္ဘာတစ်ခွင်မှာ မြန်မာလို့ထင်ကာရှား၊ အမျိုးသမီးများ စွမ်းကာဆောင်မည် မျိုးဂုဏ်ရည်မြင့်လှဒို့များ။
- အားနွဲ့သူပါရှင် ကျွန်မမှာ မိန်းမသား၊ ထားခဲ့ပြီ သည်အတိတ် ဂုဏ်သိက္ခာမျိုးဇာတိနဲ့ ကမ္ဘာသိထင်ရှား။
- မြန်မာအမျိုးသမီး ကြီးကြီးငယ် ကာကွယ်ကာလုံခြုံဖို့၊ လူကုန်ကူးအကြမ်းဖက် တိုက်ဖျက်ကာ ဘက်စုံဖြိုး ပျိုးထောင်ကြစို့။
- ဘာသာရေး ပညာရေး စီးပွားရေး လူမှုနယ် ကျယ်ပါစေ ဒို့မမှု၊ လူသားထုထက်ဝက်ကျော်နဲ့ ပုခက်လွှဲတဲ့ ဒို့လက်များ အမျိုးသားထုနဲ့ ရင်ပေါင်တန်းမည် တိုင်းပြည်အကျိုးပြု။ ။

(မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုလျက်)

ပိုးရန်နိုင်(ကျောက်ကြီး)

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ စတုတ္ထအကြိမ်ညီလာခံ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးကျင်းပ

ရန်ကုန် ဇွန် ၂၉

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ စတုတ္ထအကြိမ် ညီလာခံ ဗဟိုဦးစီးအဖွဲ့အစည်းအဝေးကို ဇွန် ၂၈ ရက် နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်မြို့ ကန်တော်ကြီးရှိ ကရဝိက်နန်းတော် ဒက္ခိဏခန်းမ၌ ကျင်းပသည်။

အဆိုပါအစည်းအဝေးသို့ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌနှင့် ဗဟိုအမှုဆောင်ကော်မတီဝင်များ၊ ပြည်နယ်နှင့်တိုင်းအသီးသီးတို့မှ ဗဟိုဦးစီးအဖွဲ့ဝင်များ၊ အစည်းအဝေးကျင်းပရေးကော်မတီနှင့်လုပ်ငန်းကော်မတီတို့မှ ကော်မတီဝင်များ၊ စာပေပညာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင်သဘာပတိအဖြစ် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)က ဆောင်ရွက်၍ အခမ်းအနားမှူးအဖြစ် အတွင်းရေးမှူး ဒေါက်တာတင်ထွန်းဦး (ဒေါက်တာတင်ထွန်းဦး)က ဆောင်ရွက်သည်။

ထို့နောက် အခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူ ဗဟိုဦးစီးအဖွဲ့ဝင် ၂၃၄ ဦးအနက် ၁၇၁ ဦးတို့ တက်ရောက်ကြသည့်အတွက် ၇၄ ရာခိုင်နှုန်းရှိသဖြင့် အစည်းအဝေး အထမြောက်ကြောင်း ကြေညာသည်။

ယင်းနောက် သဘာပတိ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီ၏ အစီရင်ခံစာကို အတွင်းရေးမှူး ဒေါက်တာ တင်ထွန်းဦး (ဒေါက်တာ တင်ထွန်းဦး)က လည်းကောင်း၊ ဗဟိုအမှုဆောင်ကော်မတီ၏ ဘဏ္ဍာရေးရှင်းတမ်းကို ဗဟိုအမှုဆောင်ကော်မတီဝင် ဘဏ္ဍာရေးမှူး ရဲမှူးကြီးခင်မောင်ထွန်း(အငြိမ်းစား)(ခင်မောင်ထွန်း-လမ်းမတော်)က လည်းကောင်း၊ စာရင်းစစ်အဖွဲ့၏ အစီရင်ခံစာကို ဗဟိုအမှုဆောင်ကော်မတီဝင် စာရင်းစစ်အဖွဲ့ခေါင်းဆောင် ဦးတင်လှိုင် (လယ်တွင်းသားစောချစ်)ကလည်းကောင်း အသီးသီး ဖတ်ကြားတင်ပြကြပြီး မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဘဏ္ဍာရေးစည်းမျဉ်းကို ဗဟိုအမှုဆောင် ကော်မတီဝင် တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်အေး (မောင်ဟေမာ)က ဖတ်ကြား တင်ပြသည်။

ယင်းနောက် ဗဟိုအမှုဆောင်ကော်မတီ၏ အစီရင်ခံစာကို ဗဟိုဦးစီး အဖွဲ့ဝင်များဖြစ်ကြသည့် မွန်ပြည်နယ်၊ မော်လမြိုင်မြို့နယ်မှ ဦးခင်ထွန်း(ကျော်ဟိန်းအောင်)၊ ရန်ကုန်တိုင်း ကမာရွတ်မြို့နယ်မှ ဦးလှသွင် (ကိုကိုလှ-ကမာမြေ)၊ ရန်ကုန်တိုင်း ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်မှ ဦးညွန့်တင်(မောင်ငြိမ်းသူ ကြို့ပင်ကောက်)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်မှ ဒေါက်တာမြင့်အောင်(မောင်မြန်မာ)နှင့် ကချင်ပြည်နယ်မြစ်ကြီးနားမြို့နယ်မှဦးဝင်းကြည် (ရွှေမြာလှဝင်းဆွေ) တို့က အကြံပြုဆွေးနွေးတင်ပြကြပြီး အစည်းအဝေး နံနက်ပိုင်းအစီအစဉ်များကို ခေတ္တရပ်နားသည်။ ထို့နောက် အစည်းအဝေး မွန်းလွဲပိုင်း အစီအစဉ်ကို မွန်းလွဲ ၁ နာရီခွဲတွင် ပြန်လည်ကျင်းပရာ သဘာပတိအဖြစ် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ (၁) ဦးတင်ခ (တက္ကသိုလ်တင်ခ)က ဆောင်ရွက်၍ အခမ်းအနားမှူးအဖြစ် တွဲဖက်အတွင်းရေးမှူး (၂) ဦးကိုကို (ကိုကိုစက်မှုတက္ကသိုလ်)က ဆောင်ရွက်သည်။

ရှေးဦးစွာ ဘဏ္ဍာရေးရှင်းတမ်းကို မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်မှ ဗဟိုဦးစီးအဖွဲ့ဝင် ဦးမြင့်ဆွေ (ဆွေနွယ်ဦး)ကလည်းကောင်း၊ စာရင်းစစ်အဖွဲ့၏ အစီရင်ခံစာကို ရန်ကုန်တိုင်း ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်မှ ဗဟိုဦးစီးအဖွဲ့ဝင် ဦးမင်းရွှေ (မင်းရွှေမင်း-တောင်ကုတ်)က လည်းကောင်း အကြံပြု ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ ဗဟိုအမှုဆောင်ကော်မတီ၏အစီရင်ခံစာအပေါ် ဗဟိုဦးစီးအဖွဲ့ဝင်များ၏ အကြံပြုဆွေးနွေးချက်များကို ဒုတိယဥက္ကဋ္ဌ(၂) ဦးသန်းမောင်(သန်းမောင်)က ပြန်လည်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဗဟိုအမှုဆောင်ကော်မတီ၏ အစီရင်ခံစာကို အတည်ပြုနိုင်ရေးအတွက် ရန်ကုန်တိုင်း အလုံမြို့နယ်မှ ဗဟိုဦးစီးအဖွဲ့ဝင် ဒေါ်ချိုချိုသန်း(ချိုမြနွယ်)က အဆိုတင်သွင်း၍ ကချင်ပြည်နယ် မိုးကောင်းမြို့နယ်မှ ဗဟိုဦးစီးအဖွဲ့ဝင် ဦးဝင်းအောင် (ထက်သူအောင်)က ထောက်ခံဆွေးနွေးသည်။

ထို့အတူ ဘဏ္ဍာရေးရှင်းတမ်းနှင့် စာရင်းစစ်အဖွဲ့၏ အစီရင်ခံစာတို့ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ်မှ ဗဟိုဦးစီးအဖွဲ့ဝင် ဒေါ်သီတာမြင့် (မဟာသ်ာ-သချာ)က အဆိုတင်သွင်းပြီး မကွေးတိုင်း မကွေးမြို့နယ်မှ ဗဟိုဦးစီးအဖွဲ့ဝင် ဦးဝင်းကြည် (ရွှေလမ်းငွေလမ်း-ဝင်းကြည်) က ထောက်ခံ ဆွေးနွေးသည်။

ဆက်လက်၍ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေး၏ ရှေ့လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရန်နှင့် ဆုံးဖြတ်ချမှတ်ရန်တို့အတွက် ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်မှ ဗဟိုဦးစီးအဖွဲ့ဝင် မန်းတင့်မော် (ရွှေမြိုင်တင့်မော်)က အဆိုတင်သွင်းပြီး ရန်ကုန်တိုင်း ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်မှ ဗဟိုဦးစီးအဖွဲ့ဝင်ဒေါ်ကြွယ်ကြွယ်(မကြွယ်ကြွယ်)က ထောက်ခံဆွေးနွေးသည်။

ထို့နောက် တွဲဖက်အတွင်းရေးမှူး (၃) ဦးစိုးရှိန် (မောင်စိုးထိုက် သုံးဆယ်)က ကွယ်လွန်သူ စာပေနှင့် စာနယ်ဇင်း အဖွဲ့ဝင်များအတွက် ဝမ်းနည်းကြောင်း မှတ်တမ်းတင်ရန် အဆိုပြုတင်ပြသည်။

ယင်းနောက် အခမ်းအနားမှူးက အစည်းအဝေးမှ အတည်ပြုခြင်း နှစ်ရပ်၊ ဆုံးဖြတ်ချက်သုံးရပ်နှင့် မှတ်တမ်းတင်ခြင်း ငါးရပ်တို့ကို ချမှတ်နိုင်ရန် တင်ပြပြီး သဘာပတိက အစည်းအဝေးသို့ တက်ရောက်လာကြသူ ဗဟိုဦးစီးအဖွဲ့ဝင်များ၏ ဆန္ဒသဘောထားကိုရယူကာ အတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ သဘာပတိ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၁)ဦးတင်ခ(တက္ကသိုလ်တင်ခ)က နိဂုံးချုပ် အမှာစကားပြောကြားပြီး တက်ရောက်လာကြသူများက ကြွေးကြော်သံများ ကြွေးကြော်ကြကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ဇွန် ၂၈ ရက်တွင် ကျင်းပသော မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ စတုတ္ထအကြိမ်ညီလာခံ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးတွင် ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးနှင့် လေဘေးသင့် စာပေနှင့်စာနယ်ဇင်း အဖွဲ့ဝင်များအတွက် အလှူရှင် ၈၄ ဦးတို့က ငွေ ကျပ် ၁၁ သိန်း နှစ်ထောင်ကို လှူဒါန်းကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သဘာပတိ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း) မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ စတုတ္ထအကြိမ် ညီလာခံ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီ၏ အစီရင်ခံစာကို မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီ အတွင်းရေးမှူး ဒေါက်တာတင်ထွန်းဦး (ဒေါက်တာ တင်ထွန်းဦး) ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီ၏ ဘဏ္ဍာရေးရှင်းတမ်းကို မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီဝင် ဘဏ္ဍာရေးမှူး ရဲမှူးကြီး ခင်မောင်ထွန်း (အငြိမ်းစား) (ခင်မောင်ထွန်း - လမ်းမတော်)ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ စာပေနှင့်စာနယ် ဇင်းအဖွဲ့ စာရင်းစစ်အဖွဲ့၏ အစီရင်ခံစာကို စာရင်းစစ်အဖွဲ့ ခေါင်းဆောင် ဦးတင်လှိုင် (လယ်တွင်းသားစောချစ်) ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဘဏ္ဍာရေးစည်းမျဉ်းကို ဗဟိုအမှုဆောင် ကော်မတီဝင် တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်အေး (မောင်ဟေမာ) ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်မြင့်ထံ မုန်တိုင်းသင့်ပြည်သူများအတွက် တန်ဖိုးငွေကျပ် ၁၅၉၄၇၇၀၀ ရှိ Bata တံဆိပ်ဖိနပ်မျိုးစုံ ၄၆၂ ရန်ကို Best Myanmar Co.,Ltd မှ မန်နေဂျင်းဒါရိုက်တာ ဦးအောင်မြတ်ခိုင်က ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

သစ္စာအဓိဋ္ဌာန် ပညာအကျင့်လမ်း စာအုပ်ထွက်ရှိ

ရန်ကုန် ဇွန် ၂၉

ပြည်မြို့ ဝေပုလ္လာရာမကျောင်းတိုက် ပဓာနနာယက ပဲခူးတိုင်း(အနောက်ပိုင်း) သံဃနာယကဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဝေပုလ္လဆရာတော်ကြီး ရေးသားပြုစုတော်မူသော သစ္စာအဓိဋ္ဌာန် ပညာအကျင့်လမ်း စာအုပ်ထွက်ရှိသည်။**(ယာပုံ)**

အဆိုပါစာအုပ်တွင် ပရိကမ္မပြုပုံအဆင့်ဆင့်နှင့် ဆုတောင်းဆုပန်ခန်း၊ အဓိဋ္ဌာန်သစ္စာပြုပုံ၊ မေတ္တာသုတ်ကျင့်စဉ်၊ ခန္ဓသုတ်ကျင့်စဉ်၊ မဟာသရဏဂုံတော် ၃၆ ပါးကျင့်စဉ်၊ ဂုဏ်တော်စကြာပွားများပုံ၊ ကျင့်စဉ်သမားများအတွက် သိမှတ်ဖွယ်ရာအဖြာဖြာ၊ သမ္ဗုဒ္ဓေဂါထာကျင့်စဉ်၊ ပဋ္ဌာန်း ၂၄ ပစ္စည်းကျင့်စဉ်၊ ပထဝီဇယမန္တန် ၁၄ ဂါထာကျင့်စဉ် စသည်တို့ ပါဝင်သည်။

သစ္စာအဓိဋ္ဌာန်ပညာအကျင့်လမ်း စာအုပ်အပါအဝင် ဆရာတော်ရေးသားထားသော လောကီလောကုတ္တရာနှစ်ဖြာသော အကျိုးထူးများ ရရှိစေနိုင်မည့် အခြားကျမ်းစာအုပ်များကိုလည်း တော်ဝင်မြို့မ စာအုပ်တိုက် အမှတ်-၈၈၊ ဒုတိယထပ် (ယာ) ၃၈ လမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း- ၂၄၅၂၈၄၊ ၃၇၉၄၈၇ မှ ဖြန့်ချိ၍ စာအုပ်ဆိုင်တိုင်းတွင် ဝယ်ယူရရှိနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်ရှင်လုပ်ငန်း၏ (၃၈)နှစ်မြောက် နှစ်ပတ်လည်နေ့ ဂုဏ်ပြုဆုပေးပွဲနှင့် ကျောင်းနေဝန်ထမ်းသားသမီးများအား ပညာသင်ထောက်ပံ့ခြင်းအခမ်းအနားကျင်းပ

ရန်ကုန်　ဇွန်　၂၉

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့ရုပ်ရှင်လုပ်ငန်း၏ (၃၈)နှစ်မြောက် နှစ်ပတ်လည်နေ့ ဂုဏ်ပြုဆုပေးပွဲနှင့် ကျောင်းနေဝန်ထမ်းသားသမီးများအား ပညာသင်ထောက်ပံ့ခြင်း အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ မြန်မာ့ရုပ်ရှင်လုပ်ငန်း(ရုံးချုပ်) ဇာတ်လမ်းရုပ်ရှင်(အသံခန်းမ)၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်၍ အမှာစကားပြောကြားပြီး ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်သည်။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း မြန်မာ့ ရုပ်ရှင်လုပ်ငန်း၏ (၃၈)နှစ်မြောက် နှစ်ပတ်လည်နေ့ ဂုဏ်ပြုဆုပေးပွဲနှင့် ကျောင်းနေ ဝန်ထမ်းသားသမီးများအား ပညာသင်ထောက်ပံ့ခြင်း အခမ်းအနားတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ၂၀၀၇ ခုနှစ်အတွက် ချီးမြှင့်သည့် စီမံထူးချွန် (တတိယဆင့်) ရရှိသူတစ်ဦးအား ဂုဏ်ပြုဆုပေးအပ် ချီးမြှင့်စဉ်။ (သတင်းစဉ်)

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအလုပ်အမှုဆောင်များ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးနှင့် မြန်မာနိုင်ငံဂီတအစည်းအရုံးတို့မှ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မြန်မာ့ရုပ်ရှင် အဆင့်အတန်းမြှင့်တင်ရေး အကဲဖြတ်အဖွဲ့၊ ရုပ်ရှင်နှင့် ဗီဒီယိုဆင်ဆာအဖွဲ့တို့မှ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာ့ရုပ်ရှင်လုပ်ငန်းမှ ဝန်ထမ်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားရာတွင် မြန်မာ့ရုပ်ရှင်လုပ်ငန်းသည် မြန်မာ့ရုပ်ရှင်နှင့် ဗီဒီယိုလောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကလုပ်ငန်းအဖွဲ့ (၄)ဖွဲ့ဖြင့် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာ့ရုပ်ရှင် အဆင့်အတန်းမြှင့်တင်ရေးအဖွဲ့သည် ဇာတ်ကားပိုင်းဆိုင်ရာသာမက လူပုဂ္ဂိုလ် သရုပ်ဆောင်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် နည်းလမ်းများ ရှာဖွေဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အပြင် ရုပ်ရှင်အကယ်ဒမီဆုအတွက် အကဲဖြတ်ကြရာတွင် သတ်မှတ်ချက်များနှင့် ညီညွတ်စွာ စနစ်တကျ ဆောင်ရွက်နိုင်ခဲ့ပြီး ဆက်လက်၍လည်း သတ်မှတ်ချက်များနှင့် ညီညွတ်မှန်ကန်စွာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ဗီဒီယိုဆင်ဆာအဖွဲ့၏ လုပ်ငန်းတာဝန်မှာ ကျယ်ပြန့်သည့်အပြင် နိစ္စဓူဝ ဆောင်ရွက်နေရကြောင်း၊ လုပ်ငန်းများဆောင်ရွက်ကြရာတွင် သတ်မှတ်ထားသော စည်းမျဉ်း၊ စည်းကမ်း၊ စံညွှန်းများနှင့်အညီ မှန်မှန်ကန်ကန် စိစစ်ဆောင်ရွက်ခြင်းဖြင့် မြန်မာဗီဒီယိုကားများ အဆင့်အတန်းမြင့်မားရေးအတွက် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ရုပ်ရှင်ဆင်ဆာအဖွဲ့အနေဖြင့်လည်း အလားတူ စိစစ်ဆောင်ရွက်သွားရမှာ ဖြစ်ကြောင်း။

ဗီဒီယိုကြီးကြပ်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်မှာ နိုင်ငံတစ်ဝန်း ပြည်နယ်နှင့်တိုင်းများမှသည် မြို့များ၊ ကျေးရွာများအထိ ကျယ်ပြန့်သော လုပ်ငန်းဖြစ်ကြောင်း၊ ဗီဒီယိုကြီးကြပ်ရေးအဖွဲ့များအနေဖြင့် သတ်မှတ်ထားသော စည်းမျဉ်း၊ စည်းကမ်း၊ မူဘောင်များနှင့်အညီ ကြပ်မတ်စစ်ဆေး၍ လုပ်ငန်းများ မျှမျှတတ မှန်မှန်ကန်ကန်ဖြစ်အောင် ဆောင်ရွက်ပေးရမှာ ဖြစ်ကြောင်း၊ သို့မှသာ နိုင်ငံနှင့် ဌာနအတွက် ရသင့်ရထိုက်သော အခွန်အခများ မှန်မှန်ကန်ကန် ရရှိမှာဖြစ်ကြောင်း၊ သို့ဖြစ်၍ ဗဟိုကြီးကြပ်ရေးအဖွဲ့သည် လက်အောက်အဖွဲ့ အဆင့်ဆင့်နှင့် မပြတ်ထိတွေ့ ကြပ်မတ်ခြင်း၊ အောက်ခြေအထိ ကွင်းဆင်းဆောင်ရွက်ခြင်း၊ ပြောင်းလဲဆောင်ရွက်သင့်သည်များကို ပြောင်းလဲခြင်းတို့ကို ထိထိရောက်ရောက် ဆောင်ရွက်ရန်နှင့် လက်အောက်အဆင့်ဆင့်ကလည်း တိတိကျကျ လိုက်နာဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း။

ရုပ်ရှင်လုပ်ငန်း၏ ရည်မှန်းချက်တာဝန်(၁၀)ရပ်အနက် တစ်ခုအပါအဝင်ဖြစ်သော နိုင်ငံတော်၏ မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးအတွက် မီဒီယာနည်းဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရာတွင် အခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ် ဆန္ဒခံယူပွဲအတွက် လှုံ့ဆော်ပညာပေး ဇာတ်လမ်းခြောက်ခုကို အနုပညာရှင်များ၊ ထုတ်လုပ်သူလုပ်ငန်းရှင်များ၊ သရုပ်ဆောင်များ၊ စက်မှုပညာရှင်များတို့နှင့်အတူ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ခဲ့ကြကြောင်း၊ ထို့အပြင် လှုံ့ဆော်ရေးပညာပေးသီချင်းများကိုလည်း စီစဉ် ရိုက်ကူးခဲ့ကြသည်ကို တွေ့ရကြောင်း။

ယခုအခါ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြည်သူတို့က တစ်ခဲနက် ထောက်ခံ၍ အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့ပြီဖြစ်ကြောင်း၊ အလားတူ မှန်တိုင်းသင့် ပြည်သူများအား ရုပ်ရှင်နှင့် ဗီဒီယိုလောကမှ အနုပညာရှင်၊ အတတ်ပညာရှင်များက မိမိတို့ တတ်စွမ်းသရွေ့ ပါဝင်ကူညီခဲ့ကြသည့်အပြင် ပြည်တွင်းပြည်ပမှ စေတနာရှင်များ ပါဝင်ကူညီလာအောင် မိမိတို့၏ အနုပညာစွမ်းအားများဖြင့် ဆောင်ရွက်ခဲ့ကြသည်ကို အားရဖွယ် တွေ့မြင်ရပါကြောင်း။

ရုပ်ရှင်လောကနှင့် ဗီဒီယိုလောကတိုးတက်ပြီး အဆင့်အတန်းမြင့်မားလာအောင် ဆောင်ရွက်ကြရာတွင် ဇာတ်လမ်း၊ ဇာတ်ကားများ အဆင့်မြင့်မားခြင်း၊ သရုပ်ဆောင်များ၏ သရုပ်ဆောင်မှု အဆင့်အတန်းမြင့်မားခြင်း၊ စက်မှုပိုင်းဆိုင်ရာ စက်ပစ္စည်းအရည်အသွေး တိုးတက်လာခြင်း၊ အထူးပြုလုပ်ချက်နှင့် ရုပ်ရှင်အတတ်ပညာတိုးတက်မြင့်မားလာခြင်းစသည့် အရည်အချင်းကောင်းများ ပိုမိုပြည့်စုံလာအောင် ကြိုးပမ်းဆောင်ရွက်ရန်ဖြစ်ကြောင်း၊ သို့မှသာ အရည်အသွေးပြည့်ဝသော မြန်မာဇာတ်ကားကောင်းများကို ပြည်ပသို့ထိုးဖောက်နိုင်သည်အထိ တိုးတက်ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်ပိုင်းက လိုအပ်သည့်စက်မှုပိုင်းဆိုင်ရာ စက်ပစ္စည်းအချို့ကို စတင်ထူထောင်ပေးထားသကဲ့သို့ ရုပ်ရှင်လောကသားများ အားလုံးကလည်း ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် မြန်မာ့ရုပ်ရှင်လုပ်ငန်းမှ ဝန်ထမ်းများသည် ဝန်ကြီးဌာနက သတ်မှတ်ပေးထားသည့် လုပ်ငန်းတာဝန်(၁၀)ချက်ကို အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရှိရသဖြင့် ရှေ့ဆက်လက်၍ လုပ်ငန်းများ အောင်မြင်အောင် ဝန်ထမ်းအားလုံးက စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ပူးပေါင်းဆောင်ရွက်သွားကြရန်မှာကြားလိုကြောင်းဖြင့်ပြောကြားသည်။

ထို့နောက် ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းက နိုင်ငံတော် အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ၂၀၀၇ခုနှစ်အတွက် ချီးမြှင့်သည့် စီမံထူးချွန်(တတိယဆင့်)ရရှိသူတစ်ဦးနှင့် ပြည်သူ့ဝန်ထမ်းကောင်း ဆုတံဆိပ်ရရှိကြသူ ကိုးဦးတို့အား ဂုဏ်ပြုဆုများကိုပေးအပ်ချီးမြှင့်သည်။

ယင်းနောက် မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်က ကျောင်းနေဝန်ထမ်းသားသမီးများအတွက် ပညာသင်ထောက်ပံ့ငွေများနှင့် ဗလာစာအုပ်များကိုညွှန်ကြားရေးမှူး(စီမံ) ဦးသိန်းထွန်းအောင်သို့လည်းကောင်း၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း၏ (၃၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် ဝန်ထမ်းများအတွက် တူညီဝတ်စုံများကို ဒုတိယညွှန်ကြားရေးမှူး ဦးခင်မောင်ကျော်သို့လည်းကောင်း၊ မြန်မာ့ရုပ်ရှင်လုပ်ငန်းတွင် နိုင်ငံခြားငွေကုန်ကျစရိတ် သက်သာအောင် ကြိုးပမ်း ဆောင်ရွက်ခဲ့ကြသော ဇာတ်လမ်းရုပ်ရှင်ရုံးခွဲမှ ဒုတိယကြီးကြပ်ရေးမှူး(ပြင်/ထိန်း) ဦးလှကျော်နှင့် ဦးမြသန်းတို့အား ဂုဏ်ပြုချီးမြှင့်ငွေများကိုလည်းကောင်း ပေးအပ်သည်။

ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်က ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်အတွင်း လျာထားချက်နှင့်ကျော်လွန်၍ ဘဏ္ဍာငွေအများဆုံး ရှာဖွေရရှိခဲ့ကြသည့် ပထမဆုရရှိသည့် ဗီဒီယိုဆင်ဆာအဖွဲ့၊ ဒုတိယဆုရရှိသည့် အထက်မြန်မာနိုင်ငံရုံးခွဲနှင့် တတိယဆုရရှိသည့် ဇာတ်လမ်းရုပ်ရှင် ရုံးခွဲများမှ တာဝန်ရှိသူများအား ဂုဏ်ပြုဆုများ ချီးမြှင့်သည်။

ထို့နောက် ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ငြိမ်းက ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်အတွင်း လျာထားချက်ထက် ကျော်လွန်၍ ဘဏ္ဍာငွေ အများဆုံးရှာဖွေရရှိခဲ့ကြသည့် ပထမဆုရ ကရင်ပြည်နယ် ဘားအံလုပ်ငန်းစုရုံး၊ ဒုတိယဆုရ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံလုပ်ငန်းစုရုံးနှင့် တတိယဆုရ ရခိုင်ပြည်နယ် စစ်တွေလုပ်ငန်းစုရုံးတို့မှ တာဝန်ရှိသူများအား ဂုဏ်ပြုဆုများ ချီးမြှင့်သည်။ ယင်းနောက် တက်ရောက်လာကြသည့် ဧည့်သည်တော်များနှင့် မြန်မာ့ရုပ်ရှင်လုပ်ငန်းဝန်ထမ်းများအား ကံစမ်းမဲဖောက်၍ မေတ္တာလက်ဆောင်ပစ္စည်းများ ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃၀-၆-၂၀၀၈ (တနင်္လာနေ့)

AM & PM

၇း၀၀ - ၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ - ၁း၀၅	“အားမာန်ဝင့်ချီပန်းတိုင်ဆီ” တရားတော် (ဆရာတော်အရှင်ကဝိဇောလင်္ကာရ)
၈း၀၀ - ၂း၀၀	ရွှေမြိုင်ဆန်တန်းမှာ. . . မျှော်မှန်း “မြတ်နိဗ္ဗာန်စခန်း” (အပိုင်း-၁)
၈း၃၅ - ၂း၃၅	MRTV-4 ကျန်းမာရေးကဏ္ဍ (လေဖြတ်ရောဂါအကြောင်းသိကောင်းစရာများ) [ဒေါက်တာသန့်ဇင်စိုးနှင့်တွေ့ဆုံခြင်း(အပိုင်း-၁)]
၉း၀၀ - ၃း၀၀	မြန်မာ့အကအခြေခံကဗျာလွတ်ကဟန် (အမျိုးသမီးကဗျာလွတ်)
၉း၁၀ - ၃း၁၀	ပြည်တွင်းသတင်းအကျဉ်း
၉း၂၀ - ၃း၂၀	ဖန်တီးသူ၏လက်မှုအနုပညာ
၉း၅၀ - ၃း၅၀	တေးဂီတအစီအစဉ်
၉း၅၅ - ၃း၅၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၀၀ - ၄း၀၀	တိုးတက်လာသောသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ
၁၀း၁၅ - ၄း၁၅	မိုးလေဝသခန့်မှန်းချက်
၁၀း၂၀ - ၄း၂၀	စွမ်းဆောင်နိုင်ခြင်း၏ စုတ်ချက်များ
၁၀း၃၅ - ၄း၃၅	ပြည်တွင်းသတင်းအကျဉ်း
၁၀း၄၅ - ၄း၄၅	Diploma Guide (International Diploma in Network & Cyber Security) အကြောင်းသိကောင်းစရာ)
၁၁း၀၀ - ၅း၀၀	တေးဂီတအစီအစဉ်
၁၁း၀၅ - ၅း၀၅	Trader's Bridal Fairs
၁၁း၂၀ - ၅း၂၀	တေးဂီတအစီအစဉ်
၁၁း၂၅ - ၅း၂၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၃၀ - ၅း၃၀	စားချင်စဖွယ်နည်းအသွယ်သွယ် (ကွတ်ကီးစ်မုန့်)
၁၁း၅၀ - ၅း၅၀	Turning A Great River Into A Thoroughfare
၁၂း၃၅ - ၆း၃၅	တေးဂီတအစီအစဉ်
၁၂း၄၀ - ၆း၄၀	စိုက်ပျိုးဝေဆာတို့မြေမှာ (ဆေးဖက်ဝင်သစ်ခွ)
၁း၀၀ - ၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

စန်းမြသီတာ မဟာစည်သာသနာ့ရိပ်သာ ဝါတွင်းတရားစခန်း

ရန်ကုန်　ဇွန်　၂၉

ဒဂုံမြို့သစ်အရှေ့ပိုင်း (၁၂)ရပ်ကွက် စန်းမြသီတာ မဟာစည်သာသနာ့ရိပ်သာ၌ (ပြည်တော်ဦးဗုဒ္ဓသာသနာ့ရိပ်မွန် မြန်မာ-ကိုရီးယား လူငယ်ဖွံ့ဖြိုးရေးကျောင်း ပဓာန နာယက) ပြည်တော်ဦး ဆရာတော် အရှင်ပဏ္ဍိစ္စက ဇူလိုင် ၁၇ ရက် ဝါဆိုလပြည့်နေ့မှ အောက်တိုဘာ ၁၄ ရက် သီတင်းကျွတ်လပြည့်နေ့အထိ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဝါတွင်းသုံးလ ရက်ပေါင်း (၉၀)တရားစခန်း၌ တရားတော်များဟောကြားပြသမည်ဖြစ်ရာ ကျန်းမာရေးကောင်းမွန်ပြီး ရိပ်သာစည်းကမ်းနှင့်အညီ တရားအားထုတ်နိုင်သော ယောဂီများသည် ရိပ်သာဖုန်း - ၅၈၀၇၂၂၊ ၄၄၁၁၄၈၀ နှင့် ၀၉၉၉၂၄၃၄၃ တို့သို့ ဆက်သွယ်၍ ကြိုတင်စာရင်းပေးသွင်းရန်နှင့် ဇူလိုင် ၁၆ ရက် ညနေ ၅ နာရီအရောက် ရိပ်သာသို့ လာရောက်ကြပါရန် နိုးဆော်ထားသည်ဟု သိရသည်။ (က-ပ)

တိပိဋကကျောင်းတော် ဝါဆိုသင်္ကန်းကပ်မည်

ရန်ကုန်　ဇွန်　၂၉

ကျေးဇူးတော်ရှင်မင်းကွန်းတိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ကြီးဖွဲ့စည်းတည်ထောင်တော်မူခဲ့သော တိ=နိရန်ကုန်ဌာန၊ တိပိဋက ကျောင်းတော် အမှတ်-၁၂/၁၆ စကားဝါလမ်း ဒဂုံမြို့နယ် ရန်ကုန်မြို့တွင် (၂၇)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲကို ကျင်းပမည် ဖြစ်ပါသဖြင့် ၁၃၇၀ပြည့်နှစ် ဝါဆိုလပြည့်ကျော် ၃ ရက် (ဇူလိုင် ၂၀ ရက်) တနင်္ဂနွေနေ့ နံနက် ၉ နာရီတွင် ဆက်ကပ်လှူဒါန်းမည်ဖြစ်၍ တိ=နိအဖွဲ့ဝင်များ၊ ဓမ္မမိတ်ဆွေများ၊ စေတနာရှင် အလှူရှင်များ ကြွရောက်လှူဒါန်းနိုင်ပါကြောင်း သိရသည်။ (ကြေးမုံ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၃၀-၆-၂၀၀၈ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၅	၄။	အတီးပြိုင်ပွဲ
၇း၅၅	၅။	မံဆောင်းတံတား
၈း၁၀	၆။	တေးဂီတအစီအစဉ်
၈း၂၀	၇။	အကပြိုင်ပွဲ
၈း၃၀	၈။	International News.
၈း၄၀	၉။	မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုအစီအစဉ်
၉း၀၀	၁၀။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄း၂၀	၂။	ချစ်စရာ့အရွယ် ကကြိုးသွယ်
၄း၂၅	၃။	မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ ဖျော်ဖြေခန်း
၄း၃၅	၄။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာ တေးသံသာ
၄း၄၅	၅။	အတီးပြိုင်ပွဲ
၄း၅၅	၆။	မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅း၀၅	၇။	နိုင်ငံ့စီးပွား အလေးထား ကျေးလက်ထုတ်ကုန်များ
၅း၁၀	၈။	တေးဂီတအစီအစဉ်
၅း၂၅	၉။	အဆိုပြိုင်ပွဲ
၅း၃၀	၁၀။	**“အား--နာတယ်” (ခန့်စည်သူ၊ မိုးပြည့်ပြည့်မောင်၊ ရော၊ မျိုးမျိုးခိုင်) (ဒါရိုက်တာ-ဖုန်းမြင့်အောင်)**
၅း၄၅	၁၁။	မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုအစီအစဉ်
၆း၀၀	၁၂။	ညနေခင်းသတင်း
၆း၃၀	၁၃။	မိုးလေဝသအခြေအနေ
၆း၃၅	၁၄။	အလှရှာမယ် လှကမ္ဘာဝယ်
၆း၅၅	၁၅။	ထူးချွန်ထင်ရှား မြန်မာအမျိုးသမီးများ (အပိုင်း-၂)
၇း၁၅	၁၆။	**နိုင်ငံခြားဇာတ်လမ်းတွဲ “မာယာများနှင့်လှည့်ကွက်” (အပိုင်း-၇)**
၈း၀၀	၁၇။	ပြည်တွင်းသတင်း
	၁၈။	နိုင်ငံတကာသတင်းများ
	၁၉။	မိုးလေဝသအခြေအနေ
	၂၀။	**နိုင်ငံခြားဇာတ်လမ်းတွဲ “ချစ်စိတ်ကူးလေး ကောင်းရဲ့သားနဲ့” (အပိုင်း-၇)**
	၂၁။	**အစီအစဉ်ပြီး၏။**

✻ ရှေ့ဖုံးမှ

ဖိုင်ဘာဘောက်တူလှေ(ဦးချွန်) ပုံစံသစ်၊ ဟောင်း၊ ဘောက်တူလှေ (Keel လိုင်း ကြည့်ရှုစစ်ဆေးရာ ဌာနချုပ်မှူး ဗိုလ်မှူ ဗိုလ်မှူးကြီးသန့်စင်လေးတို့က လိုက်လံရှ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ထုတ်လုပ်ရာတွင် အသုံးပြုသည့် ကုန်ကြ သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး လိုအပ်သည်များကို မှာကြားပြီး ညနေပိုင်း

အဆိုပါ ဖိုင်ဘာလှေများကို ဒေသတ အကြံပြုချက်များနှင့်အညီ ကောင်းသည ပြုပြင်ထုတ်လုပ်ပေးသွားမည်ဖြစ်ကြောင်း

ပြည်ထောင်စုတ ဒီဂရီကောလိပ်(

ပြည်ထောင်စု တိုင်းရင်းသားလူ ယမန်နေ့ မွန်းလွဲ ၁နာရီတွင် ရန်ကုန် လူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီ

အဆိုပါ သင်တန်းဆင်းပွဲ အခမ်းအနားသို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်၊ ပညာရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးမျိုးညွန့်၊ အမှတ်

ပြည်ထောင်စု တိုင်းရင်းသား လူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်) သင်တန်းအမှတ်စဉ်(၇)မှ အင်ဂျင်နီယာ ထူးချွန်ဆုရ မွန်ပြည်နယ် သံဖြူဇရပ်မြို့မှ မွန်တိုင်းရင်းသား မောင်ခိုင်လင်းအောင်။ (သတင်းစဉ်)

✳ ရွှေဖုံးမှ

ဖိုင်ဘာဘောက်တူလှေ(ဦးချွန်) ပုံစံသစ်၊ ဘောက်တူလှေ (ဦးချွန်) ပုံစံဟောင်း၊ ဘောက်တူလှေ (Keel လိုင်းပါ) နှင့် ဘောက်တူလှေများကို ကြည့်ရှုစစ်ဆေးရာ ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဝင်းရှိန်နှင့် တပ်မှူးဒုတိယဗိုလ်မှူးကြီးသန့်စင်လေးတို့က လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ဘောက်တူလှေများ ထုတ်လုပ်ရာတွင် အသုံးပြုသည့် ကုန်ကြမ်းပစ္စည်းများအား ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားပြီး ညနေပိုင်းတွင် ပြန်လည်ထွက်ခွာသွားသည်။

အဆိုပါ ဖိုင်ဘာလှေများကို ဒေသတွင်းသုံးစွဲသူများ၏ လိုအပ်ချက်များ၊ အကြံပြုချက်များနှင့်အညီ ကောင်းသည်ထက်ကောင်းအောင် ဆက်လက်ပြုပြင်ထုတ်လုပ်ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ဝန်ကြီး ဦးအောင်သောင်း ငှက်အော်စမ်းရော်ဘာခြံ ကြည့်ရှုစစ်ဆေး လေဘေးသင့်ပြည်သူများအား ပစ္စည်းလှူဒါန်းပွဲသို့ တက်ရောက်

ရန်ကုန် ဇွန် ၂၉

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်းသည် ယနေ့ နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်တိုင်း ကော့မှူးမြို့နယ် ငှက်အော်စမ်း ရော်ဘာခြံသို့ရောက်ရှိပြီး မုန်တိုင်းဒဏ်ကြောင့် ယိုင်လဲသွားသော ရော်ဘာပင်များ၊ ရော်ဘာအစေးလှီးပင်များနှင့် တိုးချဲ့ထိန်းသိမ်း ရော်ဘာပင်များ၊ ယိုင်လဲနေသောအပင်များအား ကိုင်းထောက်ဆယ်တင် ပြန်လည်စိုက်ပျိုးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား ပျက်စီးသွားသောအပင်များကို အမြန်ဆုံးရှင်းလင်းပြီး အမြန်ဆုံးပြန်လည်ဖာထေးစိုက်ပျိုးနိုင်အောင် ဆောင်ရွက်ကြရန်မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် စက်ရုံရှင်းလင်းဆောင်ခန်းမ၌ စိုက်ခင်းမန်နေဂျာနှင့် တာဝန်ရှိသူများအား တွေ့ဆုံရာ ရှေးဦးစွာ စိုက်ခင်းမန်နေဂျာ ဒေါ်ခိုင်ဇာနွယ်ကမုန်တိုင်းဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှု၊ အစားထိုးပြန်လည်စိုက်ပျိုးမှု၊ အစေးလှီးခြံရော်ဘာပင် ဆယ်တင်ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို တင်ပြရာ မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူး ဦးအေးမောက်က ဖြည့်စွက်ရှင်းလင်းတင်ပြပြီး ဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင် အမှတ်(၁)စက်မှုဝန်ကြီးဌာနဝန်ကြီးဦးအောင်သောင်း၊ ဇနီးဒေါ်ခင်ခင်ရီ မိသားစုနှင့် အလှူရှင်များသည် မွန်းလွဲ ၁၂ နာရီခွဲတွင် ကွမ်းခြံကုန်းမြို့နယ်ရှိ လေဘေးဒုက္ခသည်များကယ်ဆယ်ရေးစခန်းသို့ ရောက်ရှိကြပြီး စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီနှင့်အတူ လေဘေးသင့် ပြည်သူများအတွက် ပစ္စည်းများလှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

အစီအစဉ်အရလွယ်ဟိန်းကုမ္ပဏီ၊ PTI Glas Company, Myanmar Fortune ကုမ္ပဏီလီမိတက်၊ ရီရှင်းကုမ္ပဏီနှင့် အမှတ်(၁)စက်မှုဝန်ကြီးဌာနနှင့် အကျိုးတူပူးပေါင်း ဆောင်ရွက်လျက်ရှိသော ကုမ္ပဏီများမှ အလှူရှင်များက ငွေကျပ် ၅၈၇၀၀၀၀ တန်ဖိုးရှိ ကျားဝတ်၊ မဝတ်လုံချည်နှင့် အထည်များ၊ ကာဘော်လစ်ဆပ်ပြာ၊ ရွှေဝါဆပ်ပြာနှင့်လူသုံးကုန်ပစ္စည်းများကို ပေးအပ်လှူဒါန်းကြရာ အမှတ်(၇၇)ခြေမြန်တပ်မဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီး လူအေးနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ဝင်းတို့က လက်ခံကြသည်။

ထို့နောက် ဝန်ကြီး ဦးအောင်သောင်းနှင့် ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီတို့သည် ကယ်ဆယ်ရေးစခန်း၌ အဆောက်အအုံများ၊ စာသင်ကျောင်းနှင့် လေဘေးသင့်ပြည်သူများအား ရောင်းချပေးလျက်ရှိသည့်အမှတ်(၁)စက်မှုဝန်ကြီးဌာန လုပ်ငန်းဌာနများမှ ရောင်းကုန်ပစ္စည်းများအား ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဒေးဒရဲမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ လေဘေးသင့်ပြည်သူများအတွက် ပစ္စည်းများလှူဒါန်းပွဲကိုကျင်းပရာ အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင်များဖြစ်ကြသော အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့် ဌာနဆိုင်ရာများ၊ အလှူရှင်များ တက်ရောက်ကြသည်။

အစီအစဉ်အရ အမှတ်(၁)စက်မှုဝန်ကြီးဌာနနှင့် အကျိုးတူပူးပေါင်း ဆောင်ရွက်လျက်ရှိသော ကုမ္ပဏီများမှ အလှူရှင်များက လေဘေးသင့် ပြည်သူများအတွက် ငွေကျပ် ၅၈၇၀၀၀၀တန်ဖိုးရှိ အဝတ်အထည်နှင့်ရွှေဝါဆပ်ပြာ၊ ကာဘော်လစ်ဆပ်ပြာနှင့် လူသုံးကုန်ပစ္စည်းများကို ပေးအပ်လှူဒါန်းကြရာ အမှတ်(၆၆) ခြေမြန်တပ်မဌာနချုပ်မှ ဗိုလ်မှူးကြီး တင်မောင်ထွေးနှင့် ဒေးဒရဲမြို့နယ် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး ကော်မတီဥက္ကဋ္ဌ ဦးမျိုးအောင်တို့က လက်ခံကြကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

အမျိုးသား သဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီဝင် အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းနှင့် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီတို့ ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့နယ် လေဘေးသင့်ပြည်သူများ စျေးနှုန်းသက်သာစွာ ဝယ်ယူနိုင်ရေးအတွက် အမှတ်(၁) စက်မှုဝန်ကြီးဌာန လုပ်ငန်းဌာနများမှ ရောင်းကုန်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (စက်မှု-၁)

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်)သင်တန်းအမှတ်စဉ်(၇) ဆင်းပွဲအခမ်းအနားတွင် ဝိဇ္ဇာဘာသာ ထူးချွန်ဆုရ ရှမ်းပြည်နယ် ဖယ်ခုံမြို့မှ ကယားတိုင်းရင်းသား မောင်အောင်ကျော်အား ထူးချွန်ဆုနှင့် ဂုဏ်ပြုလက်မှတ်ကို ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်)သင်တန်းဆင်းပွဲ အခမ်းအနားကျင်းပ

ရန်ကုန် ဇွန် ၂၉

ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်) သင်တန်းအမှတ်စဉ်(၇)ဆင်းပွဲ အခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် အမှတ်(၆၁)ရပ်ကွက် စစ်တောင်းလမ်းရှိ ပြည်ထောင်စုတိုင်းရင်းသား လူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (ရန်ကုန်)၌ကျင်းပသည်။

အဆိုပါ သင်တန်းဆင်းပွဲ အခမ်းအနားသို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်၊ ပညာရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးမျိုးညွန့်၊ အမှတ်(၁) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်၊ ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (ရန်ကုန်) ကြီးကြပ်ရေးအဖွဲ့ဝင် ရန်ကုန်တိုင်း စစ်ဌာနချုပ် ဒုတိယ တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်းနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (ရန်ကုန်) ကျောင်းအုပ်ကြီးနှင့် ပါမောက္ခများ၊ ဆရာ၊ ဆရာမများ၊ ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့ နှင့် အော်ဂျီတီအိုင် ဒီပလိုမာရရှိကြသည့် ကျောင်းသားများနှင့် ၎င်းတို့၏ မိဘများ တက်ရောက်ကြသည်။

သင်တန်းဆင်းပွဲ အခမ်းအနားတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီအတွင်းရေးမှူး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ကိုယ်စား နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်က အမှာစကားပြောကြားရာတွင် ယနေ့ သင်တန်းအောင်မြင်ပြီးဆုံး၍ ဘွဲ့၊ ဒီပလိုမာ ရရှိလာကြပြီဖြစ်သည့် သင်တန်းသားများအနေဖြင့် မကြာမီ မိမိတို့ဇာတိရပ်ရွာဖြစ်သော နယ်စပ်ဒေသများကို ပြန်လည်သွားရောက်ပြီး ဒေသဖွံ့ဖြိုးရေး တာဝန်များကို ထမ်းဆောင်ကြရတော့မည် ဖြစ်ကြောင်း။

တိုင်းရင်းသားပြည်သူအားလုံးသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် ညီညီညွတ်ညွတ်ဖြင့် တစ်စိတ်တစ်ဝမ်းတည်း လက်တွဲကြိုးပမ်းဆောင်ရွက်နေသော အလေ့အကျင့်ကောင်း၊ အစဉ်အလာကောင်းများ ဖြစ်ထွန်းနေပြီ ဖြစ်သည့်အတွက် နယ်စပ်ဒေသများ အပါအဝင် နိုင်ငံနှင့်အဝန်း ငြိမ်းချမ်းသာယာနေသကဲ့သို့ နိုင်ငံ၏ စီးပွားရေး၊ လူမှုရေး အခြေခံကောင်းများသည်လည်း တစ်နှစ်ထက်တစ်နှစ် မှန်မှန်တိုးတက် မြင့်မားလာနေခြင်းကြောင့် အေးချမ်းသာယာမှု၊ ဖွံ့ဖြိုးတိုးတက်မှု အကျိုးရလဒ်ကောင်းများကိုပြည်သူများ စိတ်အေးချမ်းမြေ့စွာ ရရှိခံစားနေရပြီလည်းဖြစ်ကြောင်း။

အမိဒီဂရီကောလိပ်ကျောင်းတော်ကြီး၏ ထူးခြားမွန်မြတ်သည့် ရည်မှန်းချက်များ၊ နိုင်ငံတော်က မိမိတို့အပေါ် မျှော်လင့်ထားသောမျှော်လင့်ချက်များကို ပြည့်ပြည့်ဝဝအကောင်အထည်ဖော်ရန် ကြိုးစားရမှာက ယနေ့ ကျောင်းဆင်း ကျောင်းသားတို့၏ တာဝန်ပင်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက်ဝန်ကြီးကပြည်ထောင်စုတိုင်းရင်းသား လူငယ်များစွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (ရန်ကုန်) သင်တန်းအမှတ်စဉ်(၇)မှ ဝိဇ္ဇာဘာသာထူးချွန်ဆုရ ရှမ်းပြည်နယ် ဖယ်ခုံမြို့မှ ကယားတိုင်းရင်းသား မောင်အောင်ကျော်၊ သိပ္ပံဘာသာ ထူးချွန်ဆုရ ရှမ်းပြည်နယ် ပင်းတယမြို့မှ ဓနုတိုင်းရင်းသား မောင်ကျော်နိုင်နှင့် အင်ဂျင်နီယာထူးချွန်ဆုရ မွန်ပြည်နယ် သံဖြူဇရပ်မြို့မှ မွန်တိုင်းရင်းသား မောင်ခိုင်လင်းအောင်တို့အား ထူးချွန်ဆုနှင့် ဂုဏ်ပြုလက်မှတ်တို့ကို ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ပြည်ထောင်စု တိုင်းရင်းသား လူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်)မှ ၂၀၀၇-၂၀၀၈ ပညာသင်နှစ်တွင် ဝိဇ္ဇာဘွဲ့ ၃၄ဦး၊ သိပ္ပံဘွဲ့ ၆၃ဦး၊ အော်ဂျီတီအိုင် ဒီပလိုမာ ၂၅ ဦး စုစုပေါင်း ၁၂၂ဦးတို့ဖြစ်ကြပြီး ယင်းတို့အနက် ကယားတိုင်းရင်းသားသုံးဦး၊ ကယန်းတိုင်းရင်းသား ခုနစ်ဦး၊ ကရင်တိုင်းရင်းသား တစ်ဆယ့်ငါးဦး၊ ချင်းတိုင်းရင်းသား နှစ်ဆယ့်လေးဦး၊ ခမီတိုင်းရင်းသား နှစ်ဦး၊ နာဂတိုင်းရင်းသား ခုနစ်ဦး၊ ပအိုဝ်းတိုင်းရင်းသား နှစ်ဦး၊ မွန်တိုင်းရင်းသား တစ်ဆယ့်သုံးဦး၊ ရှမ်းတိုင်းရင်းသား နှစ်ဆယ့်သုံးဦး၊ ကချင်တိုင်းရင်းသား ငါးဦး၊ တောင်ရိုး တိုင်းရင်းသား တစ်ဦး၊ ဒိုင်းနက် တိုင်းရင်းသား တစ်ဦး၊ ဓနုတိုင်းရင်းသား တစ်ဦး၊ ပလောင်တိုင်းရင်းသား ခြောက်ဦး၊ ရခိုင်တိုင်းရင်းသား ခြောက်ဦး၊ 'ဝ' တိုင်းရင်းသား တစ်ဦး၊ အာခါတိုင်းရင်းသားလေးဦးနှင့် အင်းသားတိုင်းရင်းသား တစ်ဦး စုစုပေါင်း ၁၂၂ ဦးတို့ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်) သင်တန်းအမှတ်စဉ်(၇)မှ အင်ဂျင်နီယာ ထူးချွန်ဆုရ မွန်ပြည်နယ် သံဖြူဇရပ်မြို့မှ မွန်တိုင်းရင်းသား မောင်ခိုင်လင်းအောင်။ (သတင်းစဉ်)

ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်)သင်တန်းအမှတ်စဉ်(၇)မှ ဝိဇ္ဇာဘာသာ ထူးချွန်ဆုရ ရှမ်းပြည်နယ် ဖယ်ခုံမြို့မှ ကယားတိုင်းရင်းသား မောင်အောင်ကျော်။ (သတင်းစဉ်)

ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်)သင်တန်းအမှတ်စဉ်(၇)မှ သိပ္ပံဘာသာ ထူးချွန်ဆုရ ရှမ်းပြည်နယ် ပင်းတယမြို့မှ ဓနုတိုင်းရင်းသား မောင်ကျော်နိုင်။ (သတင်းစဉ်)

✧ ကျောဖုံးမှ

ရန်ကုန်ပြည်သူ့ဆေးရုံကြီး အရေးပေါ်နှင့် ပြင်ပလူနာဌာနတွင် နှုတ်ဆက်အားပေးကြပြီး လိုအပ်သောဆေးနှင့် ဆေးပစ္စည်းများကို ဖြည့်ဆည်းဆောင်ရွက်ပေးကြသည်။

ကွင်းဆင်းဆေးကုသရေးအဖွဲ့တွင် ပါဝင်သည့် ဆေးတက္ကသိုလ်(၁) (ရန်ကုန်)မှ အလုပ်သင်ဆရာဝန် ၅၉ ဦးအား ဆေးတက္ကသိုလ်(၁) (ရန်ကုန်)မှ ဆရာဝန်လေးဦးက ကြီးကြပ်သူအဖြစ် လိုက်ပါသွားကြပြီး ရန်ကုန်တိုင်း လေဘေးသင့်ဒေသများဖြစ်သည့် ကျောက်တန်း၊ တွံတေး၊ ကော့မှူးနှင့် ကွမ်းခြံကုန်းမြို့နယ်များ၌ လည်းကောင်း၊ ဆေးတက္ကသိုလ်(၂) (ရန်ကုန်)မှ အလုပ်သင်ဆရာဝန် ၄၀ ဦးအား ဆေးတက္ကသိုလ်(၂) (ရန်ကုန်)မှ ဆရာဝန်လေးဦးကကြီးကြပ်သူအဖြစ်လိုက်ပါ၍ ဧရာဝတီတိုင်း မြောင်းမြ၊ ကျိုက်လတ်၊ မအူပင်နှင့် ဝါးခယ်မမြို့နယ်များ၌ လည်းကောင်း ပြည်သူများ၏ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို ကျေးရွာများအရောက် သက်ဆိုင်ရာမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူးများ၏ စီစဉ်ဆောင်ရွက်မှုဖြင့် ရောဂါကာကွယ်နှိမ်နင်းရေး၊ ဆေးကုသရေး၊ ကျန်းမာရေးအသိပညာပေးခြင်းလုပ်ငန်း များကို ဇူလိုင် ၁၂ ရက်အထိ ဆောင်ရွက်သွားကြ မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကြေးမုံ The Mirror နိုင်ငံတကာ သတင်းများ

မလေးရှားတွင် ဆန်စပါးထုတ်လုပ်မှုတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့နည်းရေး ဆောင်ရွက်သွားမည်

ကွာလာလမ်ပူ ဇွန် ၂၈

မလေးရှားနိုင်ငံသည် ကြီးမားသော ဆောက်လုပ်ရေး စီမံကိန်းများကို ရပ်နားထားပြီး ဆန်စပါးထုတ်လုပ်မှု တိုးတက်ရန်နှင့် ဆင်းရဲနွမ်းပါးမှုကို လျှော့နည်းအောင်ဆောင်ရွက်သွားရန် စိုင်းပြင်းနေသည်။ ထိုအစီအစဉ်အရ အမေရိကန်ဒေါ်လာ ကိုးဘီလီယံကို ရိက္ခာထုတ်လုပ်ရေး၌ သုံးစွဲသွားမည်ဖြစ်သည်။ နိုင်ငံတော် တိုးတက်ရေး စီမံကိန်းကိုနှစ်ဝက်ကာလ၌ ပြန်လည်သုံးသပ်ရာတွင် ၂၀၀၆-၂၀၁၀ခုနှစ် နှစ်စဉ်စီးပွားရေးတိုးတက်မှု ရည်မှန်းချက်ကို ၆ ရာခိုင်နှုန်းသတ်မှတ်ထားသည်။ ကမ္ဘာ့ဈေးကွက်ဝယ်လိုအားကျဆင်းနေသော်လည်းပြည်တွင်း သုံးစွဲငွေအင်အား များပြားလာခြင်းကြောင့် မလေးရှား၏ စီးပွားရေး မကျဆင်းစေရန် ကျားကန်ပေးနိုင်လိမ့်မည်ဟုဆိုသည်။

မလေးရှားနိုင်ငံ၏စီမံကိန်းကြီးများကို ပြန်လည်သုံးသပ် လေ့လာလျက်ရှိပြီး မြောက်ပိုင်းပီနန်ဒေသရှိ အမေရိကန်ဒေါ်လာ၄၆၁သန်းကုန်ကျမည့် လမ်းတည်ဆောက်ရေး လုပ်ငန်းများနှင့် အမေရိကန်ဒေါ်လာနှစ်ဘီလီယံကုန်ကျမည့် သံလမ်းတစ်လမ်းတည်းပါသော ရထားလမ်းတည်ဆောက်ရေးလုပ်ငန်းများကိုလည်းရပ်ဆိုင်းထားမည်ဖြစ်ကြောင်း စီးပွားရေးစီမံကိန်းဌာနမှညွှန်ကြားရေးမှူး စူလီမန်မာဘော့ဇ်က ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

တိုင်ဖုန်းမုန်တိုင်း တိုက်ခတ်သဖြင့် မိုးသည်းထန်စွာ ရွာသွန်းကာရေလွှမ်းမိုးမှုကြောင့် တရုတ်နိုင်ငံတောင်ပိုင်းကွမ်တုန်ပြည်နယ် ပေယန်မြို့တွင်ရေဘေးဒုက္ခသည်များအား တပ်ဖွဲ့ဝင်များက ဇွန် ၂၇ရက်က ရွှေ့ပြောင်းပေးစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အာဖဂန်အစိုးရ မူးယစ်ဆေးဝါးရှစ်တန် မီးရှို့ဖျက်ဆီး

ကဘူး ဇွန် ၂၈

အာဖဂန်နစ္စတန် အစိုးရသည် တာလီဘန်တို့ အာဏာလက်လွှတ်ရပြီးသည့်နောက် မူးယစ်ဆေးဝါး ရောင်းဝယ်မှုကို နှိမ်နင်းရန် ကြိုးပမ်းချက်တစ်ရပ်အနေဖြင့် နိုင်ငံတကာ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးနေ့တွင် ဖမ်းဆီးရမိထားသော မူးယစ်ဆေးဝါး ရှစ်တန်နီးပါးကို ဇွန် ၂၅ ရက်၌ မီးရှို့ဖျက်ဆီးသည်။

အာဖဂန်မူးယစ်ဆေးဝါးနှိမ်နင်းရေးဆိုင်ရာ ဝန်ကြီး ခူဒိုင်ဒက်က လွန်ခဲ့သော သုံးလအတွင်း သိမ်းဆည်းရရှိထားသော ဆေးခြောက်၊ မော်ဖိန်း၊ ဘိန်းဖြူစသည့် တရားမဝင် မူးယစ်ဆေးဝါးစုစုပေါင်း ၇၇၆၂ ကီလိုကို ဗုဒ္ဓဟူးနေ့တွင် ဖျက်ဆီးခဲ့ကြောင်း ပြောကြားသည်။

အာဖဂန်နစ္စတန်နိုင်ငံ၏ ၇၅ရာခိုင်နှုန်းသည် ဘိန်းစိုက်ပျိုးမှု ကင်းလွတ်သော နယ်မြေများ ဖြစ်ကြောင်း၊ ကျန်ရှိနေသော နယ်မြေများသည်လည်း အနာဂတ်ကာလတွင် ဘိန်းစိုက်ပျိုးမှု ကင်းစင်သွားမှာ ဖြစ်ကြောင်း ဝန်ကြီးက ဆက်လက်ပြောကြားသည်။

ဘိန်းစိုက်ပျိုးခြင်းနှင့် ဘိန်းမှောင်ခိုရောင်းဝယ်ခြင်းကို မရပ်တန့်နိုင်လျှင် လက်နက်ကိုင်များ ထကြွခြင်းကို မထိန်းချုပ်နိုင်ကြောင်းဖြင့်နိုင်ငံအတွင်း တိုက်ခိုက်မှုများဖြစ်ပွားခြင်းနှင့်မူးယစ်ဆေးဝါးထုတ်လုပ်မှုကို အာဖဂန်ဝန်ကြီးက ဆက်စပ်ပြောကြားသွားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ပျက်ကျသွားသော စစ်ဘက်လေယာဉ် ရှာဖွေတွေ့ရှိ

ဂျကာတာ ဇွန် ၂၈

အင်ဒိုနီးရှားနိုင်ငံတွင် ဇွန် ၂၆ရက်ကပျက်ကျခဲ့သော စစ်ဘက်လေယာဉ်ကို ရှာဖွေတွေ့ရှိပြီဖြစ်ကြောင်း လေတပ်ဒုတိယကာကွယ်ရေးဦးစီးချုပ် မာရှယ်အိုင်ဂတ်စ်တီမာတီအိုကာက သောကြာနေ့တွင်အတည်ပြုပြောကြားသည်။

ယခုအခါလေယာဉ်ပျက်ကို တွေ့ရပြီဖြစ်သော်လည်း ကယ်ဆယ်ရေးအဖွဲ့များမှာလေယာဉ်ပျက်ရှိရာသို့မရောက်နိုင်ကြသေးကြောင်းသိရသည်။ ထိုလေယာဉ်ပျက်မှာ စီ-၂၁၂-၂၀၀ အမှတ်အသားပါသော အပေါ့စား သယ်ယူပို့ဆောင်ရေး လေယာဉ်ဖြစ်သည်။ ယင်းလေယာဉ်ကိုအနောက်ဂျာဗားပြည်နယ် တန်ဂျိုလာယာခရိုင် တီဂါတ်လ်လီလင်ရွာငယ်ကလေးအနီးချောက်အတွင်း တွေ့ရကြောင်း ဒေသခံများက သတင်းပေးသည်။ အဆိုပါနေရာသည် မြေပြင် အနေအထားမှာကြမ်းတမ်းပြီး ရာသီဥတုဆိုးရွားနေသဖြင့် အရေးပေါ် မဆင်းသက်နိုင်ခဲ့ခြင်း ဖြစ်ဖွယ်ရှိကြောင်း လေတပ် ဒုဦးစီးချုပ်က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

သီရိလင်္ကာရှိ အမေရိကန်သံရုံးဝင်းအတွင်း မသင်္ကာဖွယ်ရာအမှုန့်တွေ့ရှိ၍ သံရုံးပိတ်ထားရ

ကိုလံဘို ဇွန် ၂၈

သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့တွင် အခြေစိုက်သော အမေရိကန်သံရုံးဝင်းအတွင်း မသင်္ကာဖွယ်ရာ အမှုန့်တွေ့ရှိသည့်အတွက် ဇွန် ၂၅ ရက်နေ့က ပိတ်လိုက်ရသည်ဟု သံရုံးကပြောကြားသည်။

ထိုမသင်္ကာဖွယ်ရာ အမှုန့်ကို စစ်ဆေးရန် ဓာတ်ခွဲခန်းသို့ ပို့ထားသည်။ ၎င်းဓာတ်ခွဲခန်းမှ ထိုအမှုန့်များသည် ကျန်းမာရေးအတွက် မစိုးရိမ်ရကြောင်း၊ တစ်စုံတစ်ရာ အန္တရာယ်မရှိကြောင်း အဖြေကိုမရမီ အချိန်အတွင်း၌ အဆိုပါ သံရုံးအား ပိတ်ထားရမည်ဟု သံရုံးကတင်ထားသော အီးမေးလ်၌ ဖော်ပြထားသည်။

အစောင့်အကြပ်ထူထပ်စွာချထားသော ၎င်းသံရုံးအား မသင်္ကာဖွယ်ရာ အမှုန့် တွေ့ရှိသည်ဆိုသောကြောင့် ပိတ်ရသည်မှာ သုံးကြိမ်ရှိသွားပြီဖြစ်သည်။ အကြိမ်တိုင်း၌လည်း အထိတ်တလန့် ဖြစ်သွားစေရုံသာဖြစ်သည်။

ဇွန် ၂၅ ရက်နေ့ ဖြစ်ပွားသော ကိစ္စရပ်နှင့် ပတ်သက်၍ တရားဝင်တိုင်ကြားချက် တစ်စုံတစ်ရာကို လက်ခံရရှိခြင်း မရှိကြောင်း သီရိလင်္ကာ ရဲအရာရှိတစ်ဦးက ပြောကြားသည်။

အဆိုပါ အမေရိကန်သံရုံး ပိတ်ထားသော်လည်း အမေရိကန် နိုင်ငံသားများအတွက် အရေးပေါ်ကိစ္စရပ်များ ဆောင်ရွက်နိုင်ရန်ကောင်စစ်ဝန်ရုံးကို ဖွင့်ပေးထားမည်ဖြစ်ကြောင်း သံရုံးကြေညာချက်၌ဖော်ပြထားသည်။

အမ်အင်အေ၊ရိုက်တာ။

လေယာဉ် ပျက်ကျ ငါးဦး သေဆုံး

မော်စကို ဇွန် ၂၉

ရုရှားနိုင်ငံ မော်စကိုမြို့ ဆာပူခိုဲ့ပ်ခရိုင် ပွတ်ချီနိုမြို့အနီး၌ ဇွန် ၂၇ ရက်က အင်တိုနော့ အင်-၁၂ အမျိုးအစား လေ့ကျင့်ရေးလေယာဉ် ပျက်ကျမှုဖြစ်ပွားရာ လူငါးဦး သေဆုံးကြောင်း ရုရှားနိုင်ငံ အရေးပေါ်ဝန်ကြီးဌာနက ပြောကြားသည်။

၎င်းလေယာဉ်သည် ပွတ်ချီနိုမြို့အနီးရှိ ဘိုးလ်ရှိုရီဂျီဇလိုဗိုလေယာဉ်ကွင်းမှ လေကျင့်ပျံသန်းစဉ် ပျက်ကျပြီး မီးလောင်သွားခဲ့သည်။

ရဲတပ်ဖွဲ့ဝင်များသည် အခင်းဖြစ်ပွားရာနေရာ၌ သေဆုံးသူများနှင့် ရဟတ်ယာဉ်ပိုင်ရှင်ကိုသိရှိရန်စစ်ဆေးလျက်ရှိသည်။

အမ်အင်အေ၊ဆင်ဟွာ။

အာဖဂန်နစ္စတန် နိုင်ငံတွင် ဖမ်းဆီးရမိထားသော မူးယစ်ဆေးဝါးများအား ကဘူးမြို့၌ မီးရှို့ဖျက်ဆီးနေသည်ကို ဇွန် ၂၅ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

တရုတ်နိုင်ငံ တိရစ္ဆာန်ဥယျာဉ်တစ်ခုတွင် ခွေးမကြီးတစ်ကောင်က ၎င်း၏ကလေးနှင့်အတူ ကျားပေါက် နှစ်ကောင်အား နို့တိုက်နေသည်ကို ဇွန် ၂၇ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အပစ်အခတ်ရပ်စဲရေး သဘောတူညီခဲ့သော်လည်း အစ္စရေးနိုင်ငံအတွင်း ဒုံးကျည်သုံးစင်း ကျရောက်ခဲ့

ဂျေရုဆလင် ဇွန် ၂၈

ပြီးခဲ့သည့်အပတ်တွင် အစ္စရေးနှင့်ပါလက်စတိုင်း စစ်သွေးကြွများအကြား အပစ်အခတ်ရပ်စဲရေး ညှိနှိုင်းဆွေးနွေးရေး သဘောတူညီမှုရပြီးနောက် ငါးရက်အကြာ အင်္ဂါနေ့မွန်းလွဲပိုင်းက ဆီဒါရော့ဒေသအတွင်းသို့ ဂါဇာကမ်းမြောင်ဒေသမှ ကနီဆက်ဒုံးကျည်သုံးစင်း ကျရောက်ပေါက်ကွဲခဲ့ကြောင်း ဆင်ဟွာသတင်းအရသိရသည်။ ထိုတိုက်ခိုက်မှုသည်အကြမ်းဖက်မှုနှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးရေး သဘောတူညီမှုကို ပစ်ပယ်လိုက်ခြင်းပင်ဖြစ်ကြောင်း အစ္စရေးဝန်ကြီးချုပ် အီဟွတ်အိုလ်ခက်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

အစ္စရေးတို့အနေဖြင့် အဆိုပါဖြစ်ရပ်ကဲ့သို့ကိစ္စများအပေါ် ဆင်ခြင်သုံးသပ်၍ ယခုအခါ အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုများအား ချိုးဖောက်ကာ စစ်ဆင်ရေးပြုလုပ်မည်ဟု ၎င်းကထပ်လောင်းပြောကြားခဲ့သည်။

အဆိုပါ ဒုံးကျည်သုံးစင်းအနက် တစ်စင်းသည် ဆီဒါရော့ရှိ ဥယျာဉ်တစ်ခုအတွင်း ကျရောက်ပေါက်ကွဲခဲ့ပြီး ကျန်နှစ်စင်းသည် နီဂေ့ဗ်မြို့ အနောက်ဘက်ဒေသအတွင်း ကျရောက်ခဲ့သော်လည်း အပျက်အစီးအနည်းငယ်သာရှိကြောင်း အစ္စရေးရဲတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ မိကီရိုစင်းဖီးလ်က ပြောကြားသည်။ အဆိုပါပစ်ခတ်မှုကြောင့် လူတစ်ဦး အနည်းငယ်ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး အခြားနှစ်ဦးကို ထိတ်လန့်ချောက်ချားမှုအတွက် ကုသပေးခဲ့ရသည်ဟုဆိုသည်။

အင်တာနက်။

မုတ်သုံလေ အားကောင်းမည်

ရန်ကုန် ဇွန် ၂၉

ယနေ့ နံနက် ၉နာရီခွဲအချိန်ထိမိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်

လွန်ခဲ့သော ၂၄နာရီအတွင်းက ကရင်ပြည်နယ်နှင့် မကွေးတိုင်းတို့တွင်နေရာကွက်ကျား၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲ၊ မွန်ပြည်နယ်နှင့် ရန်ကုန်တိုင်းတို့တွင်နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာခဲ့ပြီး ရခိုင်ပြည်နယ်တွင် ဒေသအလိုက်နှင့် ပဲခူးတိုင်းတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ နေပြည်တော်တွင် ၀ဒသမ ၇၅ လက်မ၊ ကျောက်ဖြူမြို့တွင် ၇ဒသမ၈၃ လက်မ၊ မောင်တောမြို့တွင် ၇ဒသမ၄၀ လက်မ၊ စစ်တွေမြို့တွင် ၆ဒသမ၁၀ လက်မ၊ ဂွမြို့တွင် ၃ဒသမ၅၀ လက်မ၊ ပဲခူးမြို့တွင် ၃ဒသမ၂၆ လက်မ၊ ကလေးမြို့နှင့် သိမ်ဇရပ်မြို့တို့တွင် ၂ဒသမ၅၆ လက်မစီ၊ မင်းကင်းမြို့တွင် ၂ဒသမ၅၂ လက်မ၊ သံတွဲမြို့တွင် ၂ဒသမ ၄၄ လက်မ၊ ကလေးဝမြို့တွင် ၂ဒသမ ၀၉ လက်မ၊ မချမ်းဘောမြို့တွင် ၁ဒသမ၇၇ လက်မ၊ ရန်ကုန်(ကမ္ဘာအေး)တွင် ၁ဒသမ၅၄ လက်မနှင့် မိုးကုတ်မြို့နှင့် ရမည်းသင်းမြို့တို့တွင် ၁ဒသမ၄၂ လက်မစီတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေသည်။

ဇွန် ၃၀ရက် ညနေထိ ခန့်မှန်းချက်။ ။စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင်နေရာအနှံ့အပြားမိုးရွာပြီး ရခိုင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ ထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။မုတ်သုံလေအားကောင်းမည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ်ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့်ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ်ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန်

(၃၀ဒသမ၅) ဒီဂရီစင်တီဂရိတ် (၈၇ ဒီဂရီဖာရင်ဟိုက်) ၂၈-၆-၂၀၀၈

အနိမ့်ဆုံးအပူချိန်

(၂၂ဒသမ၅) ဒီဂရီစင်တီဂရိတ်(၇၂ ဒီဂရီဖာရင်ဟိုက်) ၂၉-၆-၂၀၀၈

၀၉း၃၀ နာရီအချိန် စိုထိုင်းဆ ၉၃ ရာခိုင်နှုန်း ၂၉-၆-၂၀၀၈

နေပူသည့်နာရီပေါင်း (၁ဒသမ၄)နာရီခန့် ၂၈-၆-၂၀၀၈

မိုးရေချိန်

ရက်စွဲ	မင်္ဂလာဒုံ	ကမ္ဘာအေး	ရန်ကုန်မြို့လယ်
၂၉-၆-၂၀၀၈	၁၈မမ(၀. ၇၁လက်မ)	၃၉မမ(၁. ၅၄လက်မ)	၈မမ(၀. ၃၁လက်မ)
၁-၁-၂၀၀၈ မှ	၁၀၂၅မမ	၁၂၈၆မမ	၁၅၄၈မမ
ယနေ့အထိ	(၄၀ . ၃၅လက်မ)	(၅၀ . ၆၃လက်မ)	(၆၀ . ၉၄လက်မ)

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၂၈-၆-၂၀၀၈ ရက် ၁၇း၃၀ နာရီတွင် အနောက်တောင်ဘက်မှ တစ်နာရီ ၁၀ မိုင်နှုန်း တိုက်ခတ်သည်။

ဖုန်ကန့်မှမှာ ပထမတန်း ကာရဝိက် ကာရဝိက်သက်နိုး

ဦးမြင့်+ဒေါ်လှမြင့် သတ်နေးတိုက်

ရန်ကုန်ပင်ရင်း အမှတ်(၆၅/၆၇)၊ အထက်ကြည့်မြင်တိုင်လမ်း။ ဖုန်း-၀၁-၅၁၁၇၁၄(ဆိုင်)၊ ၅၄၂၆၅၆(အိမ်)၊ ၀၉-၅၀-၁၆၆၃၅

ရန်ကုန်ဆိုင်ခွဲ အမှတ်(၈၃)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ၄၉လမ်းနှင့်၅၀လမ်းကြား၊ ပုဇွန်တောင်မြို့နယ်။ ဖုန်း-၀၉-၅၃၁-၂၈၆၇

ရန်ကုန်ဆိုင်ခွဲ ကရဝိက်သက်နိုးတိုက်နှင့်ယှဉ်တည်ပစ္စည်းများ အမှတ်(၂၃)၊ ဦးချစ်မောင်လမ်း၊ ဗဟန်း(လမ်းဆုံမှတ်တိုင်အနီး)၊ ဂွတ္တလစ်ဖုန်း-၀၉-၉၉-၂၅၇၇၉

ရန်ကုန်ဆိုင်ခွဲ ကရဝိက်မင်္ဂလာဝန်းဝင်ပစ္စည်းအမျိုးမျိုးအရောင်းပြခန်း။ ဖုန်း-၀၁-၅၁၁၇၁၄ အမှတ်(၆၉)၊ အထက်ကြည့်မြင်တိုင်လမ်း။

ပြည်မြို့ပင်ရင်း အမှတ်(၅၄)၊ ပန်းတော်တန်းလမ်း၊ ပြည်မြို့။ ဖုန်း-၀၅၃-၂၁၁၄၂

ပြည်မြို့ဆိုင်ခွဲ အမှတ်(၈၂၂)၊ ဗိုလ်ချုပ်လမ်း၊ ပြည်မြို့။ ဖုန်း-၀၅၃-၂၁၀၂၀

ပြည်မြို့ဆိုင်ခွဲ အမှတ်(၁၇၁)၊ ပန်းတော်တန်းလမ်း၊ ပြည်မြို့။ ဖုန်း-၀၅၃-၂၅၆၀၉

MRTV-4 ၌လက်တွေ့ထုတ်လွှင့်ပြသနေသောဆရာကိုယ်တိုင်သင်ကြားမည်။

အချိုရည်၊ ဂျယ်လီနှင့်ရေခဲမုန့်၊ အအေးစုံ၊ မုန့်ဖုတ်သင်တန်း

သင်တန်းရက်(1)(4.7.08)မှ(9.7.08)သင်တန်းရက်(2)(6.7.08)မှ(11.7.08)

Master စားသောက်ကုန်သင်တန်း၊ အမှတ်(၁၄၇)၊ ၂၇လမ်း၊ (အလယ်)ဈေးတိုင်း(မိ) နာရီဆိုင်အပေါ်ထပ်၊ ရန်ကုန်၊ ဖုန်း-09-5134497 (သင်တန်းVCDရမည်)

ဆရာ ဦးမောင်မောင်ပြည့်စုံ (Saya Peter)

B.A (Eng, YUFL), Dip in ELTM, M.A (TEFL) ဦးစီးသော

CLASSIC

English Language Academy

Special English Class

သင်ကြားမည့်အကြောင်းအရာများ

- Four Skills - Communicative Skills
- Phonetics - General Knowledge & Discussion
- Presentation Skills - Grammar & Usage

အခြားတန်းခွဲများ

- Speaking - IELTS
- Interview Special - Grammar & Writing

တန်းခွဲသစ်များ ➢ July 4 / 12 / 14 / 20 / 26 / 28

အမှတ် ၃၆/B ၊ ရန်ကုန်-အင်းစိန်လမ်းမ၊ စံရိပ်ငြိမ် (၁) လမ်းထိပ်၊ လှည်းတန်း ဖုန်း - ၅၃၆၅၇၂

တိုက်ခန်းရောင်းမည်

၂၆-ဘီ လမ်းမပေါ်၊ ကျုံးထောင့်၊ ၈၀×၈၁ လမ်းကြား၊

မန္တလေးမြို့။ ၂၀'×၇၀' (၂)ထပ်ခွဲ လုံးချင်းတိုက်၊ ဖုန်းပါ။

ပိုင်ရှင်ဂရန် အမည်ပေါက်၊ အရှုပ်အရှင်းကင်းသည်။

ဖုန်း-၀၁-၃၈၈၀၂၀၊ ၀၉-၅၁ ၃၇၅၉၄

DAC

၈ တန်း၊ ၉ တန်း၊ ၁၀ တန်း

အဆင့်မြင့်ဘော်ဒါ နှင့် ရှယ်ဝိုင်းများ

နံနက်/နေ့လည်/ည(ဝန်ထမ်းတန်းခွဲသစ်များ)

(၄၀)၊ ၃၂-ရပ်ကွက်၊ ပင်လုံလမ်း၊ မြောက်/အုံ။ ဖုန်း-၅၈၆၃၈၀

(၁၀/က)၊ ရတနာလမ်း၊ ကျောက်ကုန်း၊ ရန်ကင်း။ ဖုန်း-၀၉-၅၁၆၈၁၃၃၊ ၀၉-၅၁၁၇၃၀၇

လဆန်း ဖွင့်မည်

မင်္ဂလာညစာစားပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ FMI City နေ(ဦးဝင်းမောင်)-ဒေါ်သန်းသန်းဝင်း(ဦးစီးမှူး၊ သမဝါယမဦးစီးဌာန၊ ကျောက်တံတားမြို့နယ်)တို့၏ တစ်ဦးတည်းသောသား

မောင်ဝင်းမောင်ထွဋ် A.G.T.I (Mechanical Power)

Director, Golden Triangle Engineering Pte Ltd,Singapore

နှင့်

ရန်ကုန်မြို့၊ မဟာဗန္ဓုလလမ်းနေ ဦးခင်မောင်စိုး-ဒေါ်မေစန်း(Saytanar Pharmacy)တို့၏ သမီးကြီး

မဝါလှိုင်စိုး Dip in Telecommunications Engineering

Temasek Polytechnic,Singapore,

Network Engineering Assistant (PACNET Internet (S) Ltd.Singapore

တို့၏ ၂၀-၆-၂၀၀၈ ရက်တွင် Sedona Hotel (Mindon Room)၌ မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော တရားသူကြီး ဦးမျိုးမြင့်ဝင်း၊ အသိသက်သေအဖြစ်ဆောင်ရွက်ပေးပါသော ဦးကြည်ဝင်း၊ ဦးခင်မောင်လတ်၊ ၂၁-၆-၂၀၀၈ ရက်တွင် Western Park Royal (ကန်တော်ကြီး)၌ ကျင်းပသော မင်္ဂလာညစ်ခံပွဲတွင် မင်္ဂလာလက်စွပ် ဆင်မြန်းပေးပါသော Capt.ဘဉာဏ်၊ Director of Marine services, Road to Mandalay (MHCL)နှင့် ဇနီး ဒေါ်သီတာတင်အားလည်းကောင်း၊ မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးသော မစန္ဒာဝင်းအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး ဦးညွန့်ဝေ၊ မိတ်ကပ်နှင့် ဆံပင်အလှ ဒီဇင်ဘာနှင်းနှင့်အဖွဲ့၊ မင်္ဂလာဝတ်စုံ(Forever)၊ ဓာတ်ပုံနှင့်ဗီဒီယိုတို့ဖြင့် မှတ်တမ်းတင်ပေးသော Yin Gho Child နှင့်အဖွဲ့၊ မေတ္တာဖြင့် စိန်ရတနာများ ဆင်မြန်းပေးပါသော ဒေါ်တင်ဝင်းဝင်းသန်း၊ ဒေါ်တင်သင်းသင်းသန်း(ရွှေရတီ စိန်ရတနာရောင်းဝယ်ရေး)၊ မေတ္တာဖြင့် စီစဉ်ညွှန်ကြားပေးသော ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီဦးနေအောင်နှင့်အဖွဲ့၊ Sedona Hotel မှ မန်နေဂျာနှင့်ဝန်ထမ်းများ၊ Western Park Royal(ကန်တော်ကြီး)၌ ကျင်းပသော မင်္ဂလာညစာစားပွဲသို့ ကြွရောက်ချီးမြှင့်ကြသော ဂုဏ်သရေရှိ လူကြီးမင်းများ၊ နှစ်ဖက်သော ဆွေမျိုးမိတ်သင်္ဂဟအပေါင်း၊ အဘက်ဘက်မှဝိုင်းဝန်းကူညီပေးကြသော သူငယ်ချင်းမိတ်ဆွေ အပေါင်းအသင်းများနှင့် ကျေးဇူးတင်ထိုက်သူ အားလုံးတို့ကို အထူးလှိုက်လှဲစွာ ကျေးဇူးဥပကာရ တင်ရှိပါကြောင်း။

နှစ်ဖက်သော မိဘများနှင့်
မောင်ဝင်းမောင်ထွဋ်-မဝါလှိုင်စိုး

ASIA MASTERS

သင်ယူ၊ ပြင်ဆင်၊ ပူးပေါင်းဆောင်ရွက် မြန်မာတို့အတွက်

အရောင်းဝန်ထမ်းသင်တန်းသားများခေါ်ယူခြင်း

Sales Person (English) Course

နိုင်ငံတကာအဆင့်မီကုန်တိုက်များ၊ လေဆိပ်အခွန်လွတ်ဆိုင်များ၊ Shopping Mall များ၊ Super Market များ၊ Hyper Market များတွင် အရောင်းဝန်ထမ်းအလုပ်အကိုင်ရရှိလိုသူများအတွက် အရောင်းဝန်ထမ်းသင်တန်းကိုအောက်ပါအစီအစဉ်အတိုင်းဖွင့်လှစ်ရန်ရှိပါသည်၊

အသက်	- အသက်၁၈နှစ်မှ၃၅နှစ်ထိ
ပညာအရည်အချင်း	- မလိုပါ၊ (အင်္ဂလိပ်ဘာသာစကားအခြေခံရှိသူ (သို့) အင်္ဂလိပ်ဘာသာစကား ပြောရန် စိတ်ပါဝင်စားသူ)
သင်ကြားမည့်ဘာသာရပ်များ	- Sales Person English, Salemanship, Ethic & Responsibility, Interview
သင်တန်းကာလ	- ၂လ (နံနက်၀၇း၃၀ မှ ၀၉း၀၀ နာရီ) (တစ်ပတ် ၅ရက်)
သင်တန်းဖွင့်မည့်ရက်	- ၂၀၀၈ ခုနှစ် ဇူလိုင်လ (၃) ရက်

အလုပ်အကိုင်ရရှိရန် အခမဲ့ ကူညီပေးသည်။ သင်တန်းအပ်လက်ခံပြီ။

☎ 379311 09- 518 5687

၂၇၇၊ Asia Plaza Hotel (မြေညီထပ်)၊ ဗိုလ်ချုပ်လမ်း၊ ရန်ကုန်မြို့

သုံးမြို့နယ် စုပေါင်းဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ

ရန်ကုန် ဇွန် ၂၉

ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက် ဂေါပကအဖွဲ့နှင့် ကျောက်တံတား၊ ပန်းဘဲတန်း၊ လသာ သုံးမြို့နယ် စုပေါင်း ဝါဆိုသင်္ကန်း ဆက်ကပ် လှူဒါန်းပွဲကို ဇူလိုင် ၁၇ ရက် ဓမ္မစကြာအခါတော်နေ့ မွန်းလွဲ ၁ နာရီတွင် မဟာသိမ်တော်ကြီး ဓမ္မာရုံ၌ ကျင်းပ၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့မှ ဆရာတော်ကြီးများ၊ သီတဂူဆရာတော် အပါအဝင် ပင့်သံဃာများနှင့် စာသင်တိုက်တွင် ဝါကပ်တော်မူကြကုန်သည့် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကုမာရ အမှူးပြုသည့် အရှင်သူမြတ်များ စုစုပေါင်း အပါး ၁၅၀တို့အား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်း ပူဇော်မည်ဖြစ်ကြောင်း သိရသည်။

(၂၃)

အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ နတ်ချောင်းရပ်ကွက်၊ ပုညဝမ္ဗဏလမ်း၊ အမှတ်(၃၅) ဟုခေါ်တွင်သော မြေရှင်ဒေါ်အိအိတင်ဇာမော်[၁၂/တမန(နိုင်)၀၈၇၆၄၂]ပိုင်မြေကွက်ပေါ်တွင်ဆောက်လုပ်ထားသည့် (၂)ခန်းတွဲ(၈)ထပ်တိုက်သစ်အဆောက်အအုံမှ ကန်ထရိုက်တာ ရပိုင်ခွင့်ရှိသည့် တတိယထပ်(၄)လွှာခြေရင်းခန်းကို ကန်ထရိုက်တာ ဦးခင်မောင်မြင့်[၁၂/ရကန(နိုင်)၀၃၈၀၁၆] (လိုင်စင်အမှတ်-၂၉၀)(အောင်သီဟဗလဆောက်လုပ်ရေး)ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်ခင်လှိုင်[၉/မထလ(နိုင်)၀၄၃၁၃၂]က ၁၈-၇-၂၀၀၇ နေ့(တိုက်ခန်းအရောင်းအဝယ်ကတိစာချုပ်)အရ တန်ဖိုးငွေ အပြေအကျေပေးချေ၍ အပြီးအပိုင်ဝယ်ယူထားသော တိုက်ခန်းဖြစ်ပါသည်။

အဆိုပါတိုက်ခန်းအား ဒေါ်ခင်ခင်လှိုင်၏ ခွင့်ပြုချက်မရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ ပေးကမ်းခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းမပြုပါရန်နှင့် ပြုလုပ်ပါက ပြုလုပ်သူ၏ တာဝန်သာဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဒေါ်ခင်ခင်လှိုင်၏လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်လှလှလွင်(LL.B)
တရားရုံးချုပ်ရှေ့နေ(၅၇၇၃)

ဒေါ်သန္တာစိုး	ဒေါ်လွင်မာ	ဒေါ်လှတင်
အထက်တန်းရှေ့နေ(၂၄၀၄၆)	အထက်တန်းရှေ့နေ(၂၅၆၃၈)	အထက်တန်းရှေ့နေ(၂၇၅၃၀)

အမှတ်(၅၅)၊ မဟာဗန္ဓုလလမ်း၊ ကျောက်တံတားမြို့နယ်
ရန်ကုန်မြို့။ ဖုန်း-၂၅၃၃၈၂၊ ၀၉၅၁၂၇၁၄၄

၂၅-၆-၂၀၀၈ နေ့ ကြေးမုံသတင်းစာပါ ကိုဇော်ဆန်း၏ ကြေညာချက်သည် မမှန်ကန်ကြောင်း ပြန်လည်ဖြေရှင်းခြင်း

ညောင်ဦးမြို့နေ အဖဦးသောင်းကြည်၏သား ကိုဇော်ဆန်း [၉/ညဥန (နိုင်) ၀၁၀၂၇၀] ညောင်ဦးမန်းကား ၃က/၄၂၀၁ နှင့် ကျွန်မ မမိုးသီတာ[၈/ မဘန(နိုင်) ၀၃၅၁၅၀]တို့သည် ၃၀-၁၂-၁၉၉၂ နေ့တွင် မကွေးမြို့နယ်တရားရုံး၌ လက်ထပ်ခဲ့ပြီး ညောင်ဦးမြို့၊ အမှတ်(၄) ရပ်ကွက်၊ သီရိပစ္စယာ၊ အိမ်အမှတ် (၅၄၅)၌ အတူတကွပေါင်းသင်းနေထိုင်ခဲ့ရာ ယခုအခါသားကြီး မောင်မြင့်မြတ်ဇော်ဆန်း (၁၃)နှစ်နှင့် သားငယ် မင်းသန့်ဇော်ဆန်း (၁၀)လတို့ မွေးဖွားခဲ့ပါသည်။

သားငယ် မင်းသန့်ဇော်ဆန်းအား ၂၃-၈-၂၀၀၇ နေ့တွင်မွေးဖွားခဲ့ကြောင်း၊ ၂၃-၄-၂၀၀၈ မှစ၍ ကိုဇော်ဆန်းသည် နေအိမ်သို့ပြန်လာခြင်းမရှိဘဲ လင့်ဝတ္တရား၊ ဖခင်ဝတ္တရားပျက်ကွက်နေခြင်းသာ ဖြစ်ကြောင်းနှင့် လွန်ခဲ့သောတစ်နှစ်ခန့်မှ နှုတ်ကတိဖြင့် စွန့်လွှတ်ပြီးဖြစ်ကြောင်း ဆိုသည်မှာလည်း မမှန်ကန်ကြောင်း၊ ၎င်း၏ ကြေညာချက်သည် တစ်ဖက်သတ် ကြေညာချက်သာဖြစ်ပြီး ကြေညာချက်ပါ အချက်များသည် မမှန်ကန်ပါကြောင်း ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းနိုင်ပါသည်)
မမိုးသီတာ [၈/ မဘန (နိုင်) ၀၃၅၁၅၀]

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ရွှေဂုံတိုင်လမ်းမကြီးပေါ်ရှိ မြေတိုင်းရပ်ကွက်အမှတ်(၃၅-H) မြေကွက်အမှတ်(၇၉E/၂) မြေချိန်ဧရိယာ ၀ဒသမ၂၀၇ ဧကရှိ မြေပိုင်မြေအမျိုးအစား မြေကွက်တစ်ကွက် ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မြေတိုင်းရပ်ကွက်အမှတ်(၃၅-H) မြေကွက်အမှတ်(၇၉E/၅) မြေချိန်ဧရိယာ ၀ဒသမ၁၂၂ ဧကရှိဂရန်မြေအမျိုးအစား မြေကွက်တစ်ကွက်၊ ပေါင်း(၂)ကွက်သည် မြေချိန်ဧရိယာ(၀ဒသမ၂၀၇+၀ဒသမ၁၂၂)ဧကရှိ (၇၉E/၂+၇၉E/၅) မြေကွက်ကြီးတစ်ကွက်အဖြစ် တစ်ဆက်တစ်စပ်တည်းရှိနေပြီး ထိုမြေကွက်များနှင့် မြေကွက်များပေါ်ရှိ အဆောက်အအုံဟောင်းများအပါအဝင် ထိုအဆောက်အအုံများတွင် ဆက်စပ်တွယ်ကပ်ထားသည့် ပစ္စည်းများပါ ပါရှိလျက် မြေပေါ်ရှိအကျိုးခံစားခွင့် အရပ်ရပ်ကို ကျွန်ုပ်၏မိတ်ဆွေကအပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန်၊ ရောင်းဖိုးငွေတစ်စိတ်တစ်ပိုင်းအား ပေးချေပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကိစ္စအပေါ် ကန့်ကွက်အရေးဆိုရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှ တစ်ဆယ့်လေးရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင် ပါသည်။ သို့မဟုတ်ပါက အရောင်းအဝယ်ကိစ္စကိုပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးထွန်းဝင်း
အထက်တန်းရှေ့နေကြီး(၆၄၀၉)
အမှတ်(၂၃-A)၊ တတိယအလွှာ၊ အရှေ့မြင်းပြိုင်ကွင်းလမ်း၊ တာမွေမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း-၀၁-၅၄၅၁၃၆၅၊ ၅၄၆၉၄၀၊ ၅၄၁၈၂၀၊ ၀၉-၅၆-၆၀၉၁၁

အများသိစေရန်

ကျွန်တော် တင်ကိုကို(S/OKA -၁၀၀၇၉၃)နှင့်ဇနီး မိမိခိုင်(S/OKA -၀၈၆၃၇၂)တို့သည် စိတ်သဘောထားချင်း မတိုက်ဆိုင်ပါသဖြင့် ၆-၃-၂၀၀၈နေ့တွင်တရားသူကြီး ဦးဇေယျာမိုး ရှေ့မှောက်၌ အကြင်လင်မယားအဖြစ်မှ တရားဝင် ကွာရှင်းပြတ်စဲပြီးပါကြောင်း၊ မိမိခိုင်နှင့်ပတ်သက်၍ မည်သည့်ကိစ္စမျှ တာဝန်ယူ ဖြေရှင်းမည်မဟုတ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဦးတင်ကိုကို
S/OKA -၁၀၀၇၉၃
အမှတ်(၇၃၇)၊ ကုန်းဘောင်(၁၆)လမ်း၊(၆)ရပ်ကွက်၊ တ/ဥ

စေတနာစာပေ

လွန်းထားထား (ဆေးတက္ကသိုလ်)

တံ့ပြန်ခွင်

စီစဉ်သူ ... မောင်ကျော်လှိုင်

မင်းမြတ်သူရ

ပြည်ကြီးတံခွန်

ရှင်မိုး (ဆေးတက္ကသိုလ်)

ပန်ဆင်း၍မရနိုင်သော

လေဘေးသင့်ပြည်သူများအတွက် လှူဒါန်းကြရာတွင် -

- မည်သူမဆို လွတ်လပ်စွာ လှူဒါန်းနိုင်ပါသည်။
- မည်သူ့ထံကိုမဆို မည်သည့်ဒေသ၌မဆို လှူဒါန်းနိုင်ပါသည်။

သို့ရာတွင် စနစ်တကျမရှိသော လှူဒါန်းမှုမျိုးနှင့် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အပြုအမူများကိုမူ ရှောင်ရှားကြပါရန် နှိုးဆော်အပ်ပါသည်။

* ပြည်တွင်း၊ ပြည်ပ ဆန့်ကျင်ဘက်များနှင့် အတ္တသမား၊ မသမာသူများသည် လေဘေးကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ မမှန်မကန် လုပ်ကြံသတင်းများ ဖန်တီးလျက် ဗီဒီယိုရိုက်ကူးပြီး ပြည်ပသတင်းဌာနများသို့ ပေးပို့ကာ ကိုယ်ကျိုးရှာလျက် ရှိကြသည်။
* လေဘေးသင့် ပြည်သူများအနေဖြင့် အတ္တသမား၊ မသမာသူများ၏ မသမာသော သွေးဆောင်မှုများကို အမျိုးသားရေးစိတ်ဓာတ်ဖြင့် သတိထားရှောင်ရှားကြရန် နှိုးဆော်အပ်ပါသည်။

☆ **မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင်လုပ်နေသည်**

☆ **BBC ညာနေသည်**
VOA လိမ်နေသည်
RFA ရန်တိုက်ပေးနေသည်

☆ **အဲဒီ ကုန်းချောသွေးထိုးသူများ မယုံလေနဲ့ သတိထား**

ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများနှင့်ပတ်သက်၍ အလွဲသုံးစားပြုမှုများ တွေ့ရှိပါက တိုင်ကြားနိုင်

လေဘေးသင့်ခံရသူများအတွက် ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများကို မရိုးဖြောင့်သောသဘောဖြင့် ထိန်းသိမ်းထားခြင်း၊ ရောင်းဝယ်ခြင်း၊ လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများအတွက် အသုံးချခြင်း၊ အခြားကိစ္စရပ်များအတွက် အလွဲသုံးစားပြုခြင်းများကို တွေ့မြင်သိရှိပါက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန-

ရုံးအဖွဲ့မှူး ဖုန်း-၀၆၇ ၄၀၄၀၂၁၊ ဖုန်း- ၀၆၇ ၄၀၄၀၂၂ နှင့်
ဒုတိယရုံးအဖွဲ့မှူး ဖုန်း-၀၉၈၆ ၀၁၀၀၂ တို့သို့ တိုင်ကြားနိုင်ပါသည်။

"မုန်တိုင်းသင့် ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းအတွင်း ဆက်သွယ်မှု ပိုမိုတိုးတက်ကောင်းမွန်စေရေးအတွက် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ အကောင်အထည်ဖော် ဆောင်ရွက်မှုများ"

သက်စံ ၏ (သတင်းဆောင်းပါး)
စာမျက်နှာ - ၄၊ ၅

ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ဆောင်ရွက်ရန် အလုပ်သင်ဆရာဝန်များအဖွဲ့ ဆက်လက် ထွက်ခွာ

ရန်ကုန် ဇွန် ၂၉

ကျန်းမာရေးဝန်ကြီးဌာန၏ စီစဉ်ဆောင်ရွက်မှုဖြင့် ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းအတွင်း လေဘေးသင့်ဒေသပြည်သူများ၏ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို စဉ်ဆက်မပြတ် ထိရောက်မှုရှိစေရေးအတွက် အလုပ်သင်ဆရာဝန်များဖြင့် အင်အားဖြည့်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ နံနက်၇နာရီတွင် အလုပ်သင်ဆရာဝန်များပါဝင်သည့် ကွင်းဆင်းကုသရေးအဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ခရီးစတင်ထွက်ခွာသွားကြသည်။

အဆိုပါ ကွင်းဆင်းဆေးကုသရေးအဖွဲ့ဝင်များအား ရန်ကုန်ပြည်သူ့ဆေးရုံ ဆေးရုံအုပ်ကြီး ဒေါက်တာ ဒေါ်နုနုသာနှင့် တာဝန်ရှိသူများက **စာမျက်နှာ ၉ ကော်လံ ၆ သို့** ✧